မြကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (24-4-2007) (၅၂၉၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဧပြီ   ၂၄

၂၀၀၇ ခုနှစ် ဧပြီ ၂၄ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အစ္စရေးနိုင်ငံ ခေတ္တသမ္မတ မစ္စ ဒေလီယာ အစ်ဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်နေသည့် ရန်ကုန်မြစ်အတွင်း သောင်တူးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြစ်အတွင်း သောင်တူး လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်   ဧပြီ   ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြစ်အတွင်း သောင်တူးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆိပ်ကမ်းကုန်တင် ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်တင်ငွေ၊အတွင်းရေးမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်းအတွင်း စည်းခုံ၌ သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော သီဟဒီပ သောင်တူးသောင်စုပ်ရေယာဉ်သို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဆောင်းပါး အညွှန်း

“ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲတွင် ဟော်မုန်းအသွင် ပြောင်းလဲ၍ ၎င်းသည် ပုံမှန်ဆဲလ်များ၏ ကြီးထွားမှုကို ထိန်းသိမ်းပေးပြီး ပုံမှန်မဟုတ်သောဆဲလ်များ ပွားများမှုကိုလည်း တားဆီးပေးသဖြင့် ကင်ဆာရောဂါ ဖြစ်ပွားမှုကို ဟန့်တားပေးနိုင်ပါသည်။”

ပါမောက္ခ ဒေါက်တာပိုင်စိုး၏ **“လူတိုင်းအတွက် ဗီတာမင်ဒီ”**

(ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၄-၄-၂၀၀၇
(အင်္ဂါနေ့)

ရေအားလျှပ်စစ်စီမံကိန်းများ တိုးမြှင့်ဖော်ဆောင် မဟာဓာတ်အားလိုင်းစနစ် အချိန်မီပြီးစီးရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် သဘာဝစွမ်းအား အခြေအနေပေးမှုအပေါ် တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်လျက်ရှိရာ ရဲရွာ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ ခပေါင်း၊ ရဲနွယ်၊ ရွှေကျင်၊ ရွှေလီ၊ ကျိုင်းတောင်းစသည့် စီမံကိန်းများပါဝင်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၁၈ ရက်နှင့် ၂၁ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းနှင့် မန္တလေးတိုင်းအတွင်း တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်ရာတွင်-

"ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်အတူ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့် မဟာဓာတ်အားလိုင်းစနစ်ကို ဟန်ချက်ညီညီ အချိန်ကိုက်ပြီးစီးရန် လိုအပ်ကြောင်း၊ မဟာဓာတ်အားလိုင်း သွယ်တန်းရာ၌ အသုံးပြုရသည့် ဓာတ်ကြိုး၊ ကြွေသီးစသည့် ဓာတ်အားလိုင်းသုံးပစ္စည်းများနှင့် ထရန်စဖော်မာအမျိုးမျိုးကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်အောင် ကြိုးစားသွားကြရန် ဖြစ်ကြောင်း" မှာကြားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသည်။ ရဲရွာရေအားလျှပ်စစ် စီမံကိန်း မှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွှေလီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းသည် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီး ကွန်ကရစ်ရေထိန်းတမံ၊ ရေလွှဲဥမင်လိုဏ်၊ ရေခေါ်မြောင်းနှင့် ရေယူအဆောက်အအုံများကို ဆက်လက်တည်ဆောက်လျက်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ရေအားလျှပ်စစ် ထုတ်လုပ်ရရှိနိုင်ရေးအတွက် ရွှေလီ(၂)၊ ရွှေလီ(၃) စီမံကိန်း၊ ကချင်ပြည်နယ်၌ တာပိန်(၁)၊ တာပိန်(၂) စီမံကိန်းနှင့် ရှမ်းပြည်နယ် ကွမ်းလုံဒေသ၌ အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်တွင် ရေအားလျှပ်စစ်စီမံကိန်းများကို သက်ဆိုင်ရာတာဝန်ရှိသူတို့က အင်တိုက်အားတိုက်ဖော်ဆောင်လျက် ရှိသကဲ့သို့ ယင်းစီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်း သွယ်တန်းမှုလုပ်ငန်းများကို အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စက်မှုကဏ္ဍ အပါအဝင် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အဏ္ဏဝါကိုကိုတင်၏ မွေးနေ့အထိမ်းအမှတ်အလှူတော်နှင့် ဒေါ်လှလှမြင့်(တရားရုံးချုပ်ရှေ့နေ)ကောင်းမှု (ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်း)မှ ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၂၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်သူတို့လိုက်ပါလျက် ဧပြီ ၂၂ ရက် မွန်းတည့် ၁၂နာရီတွင် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ကြီး ဒေါက်တာမြင့်ဆွေက ကောလိပ်၌ ဖွင့်လှစ်ထားသော သင်တန်းများနှင့် ထပ်မံဖွင့်လှစ်မည့် သင်တန်းများအတွက် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ပညာသင်ယူခွင့် အခွင့်အလမ်းကောင်းများ ရရှိရေးအတွက် စီမံခန့်ခွဲမှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ သင်တန်းများဖွင့်လှစ်ရေးအတွက် အဆင့်ဆင့်တင်ပြရေး၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်ရေးတို့ကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ ရောက်ရှိပြီး ဆွေးနွေးပွဲခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့်ပါမောက္ခဌာနမှူးများအား တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းက ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ဧပြီ ၂၁ ရက် ညနေ ၄ နာရီခွဲတွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန သဃ်န်းကျွန်း ပညာရေးကောလိပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ကြီး ဒေါ်ချိုချိုနှင့် ဆရာ၊ ဆရာမများက ကောလိပ်၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ရန်ကင်းပညာရေး ကောလိပ်သို့ ရောက်ရှိပြီး မြတ်ပညာခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ကြီး ဦးမဲအောင်က ကောလိပ်၏ ဆောင်ရွက်ချက်များနှင့် မကြာမီဖွင့်လှစ်မည့် သင်တန်းများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်းသားများ ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်နိုင်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပေးရေး၊ သင်တန်းသုံး ပရိဘောဂများနှင့် သိပ္ပံခန်းသုံးပစ္စည်းများ ဖြည့်ဆည်းရေး၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံများစိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ကဆုန်လပြည့်နေ့သည် ဗျာဒိတ်တော်ခံ၊ ဖွား၊ ပွင့်၊ စံ ဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ် နေ့ထူးနေ့မြတ်ဖြစ်ပြီး ဗုဒ္ဓနေ့အဖြစ် သတ်မှတ်၍ မြတ်စွာဘုရားရှင်အား အထူးပူဇော်နိုင်ရန် ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ပရိဝုဏ်အတွင်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုးကိုးကွယ်ထားသည့် ဗောဓိပင်အား ညောင်ရေသွန်း ပူဇော်နိုင်ရန် ကဆုန်ညောင်ရေသွန်းပွဲကို ဧပြီ ၃၀ ရက် (ကဆုန်လပြည့်နေ့) တနင်္လာနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၃

ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၏ (၁၆)ကြိမ်မြောက် သက်ကြီး ပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

- ပူဇော်ကန်တော့ -

ရှေးဦးစွာ ရခိုင်မင်္ဂလာစည်တော်ရွမ်း၍ အောင်ခြင်းမင်္ဂလာသီချင်း သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီး နာယက ဦးဘရွှေနှင့်ဥက္ကဋ္ဌ ဦးညွန့်ရွှေမောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးနုမောင်လှက ကျေးဇူးတင်စကားပြောကြားပြီး အတွင်းရေးမှူး ဦးလှကျော်က ဆောင်ရွက်ချက်များကို တင်ပြကာ အသင်းသူ၊ အသင်းသားများက ကန်တော့ခံ သက်ကြီးအဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် အဘိုးအဘွားများကိုယ်စား သဒ္ဓမ္မဇောတိကဓဇ ဦးစံသိန်း(သီဟဆွေ)က ဩဝါဒစကားပြောကြားပြီး အသင်းသူ၊ အသင်းသားများက ရခိုင်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (ကြေးမုံ)

မအူပင်မြို့ စည်ပင်သာယာရေး ဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်-ဒေါ်မိုးမိုးအေး၊ သား မောင်ကျော်စွာဟိန်း၊ မောင်ရဲလင်းခန့်၊ မောင်အုပ်စိုးခန့် မိသားစုတို့က (၁၀)နှစ်မြောက် မင်္ဂလာအလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအတွက် တတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲသို့ ဇွန် ၁၉ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါ စေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ် နယ်မြေတာဝန်ခံ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်၍ အလှူတော်ငွေများကို လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရှေးဦးစွာ ပရိသတ်တို့က နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ရွှေဘုန်းပွင့် စေတီတော် မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သာသနိက အဆောက်အအုံများ တည်ဆောက်လှူဒါန်းခြင်းကြောင့် ရရှိခံစားရမည့် အကျိုးတရားများနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းကြီး (၅)ရပ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများအတွက် အလှူရှင်များ ဖြစ်ကြသည့် နှစ်ဖက်သောမိဘများနှင့် ဖခင်ကြီး ဦးသာစိန်တို့အား အမှူးထား၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း၊ ဇနီးဒေါက်တာ ဒေါ်ဝေဝေသာ၊ သမီး–မအေးမြမောင်၊ သား–မောင်ထူးခြားအောင် တို့က ရွှေစင်ရွှေပြားတစ်ချပ်နှင့် တစ်ကျပ်သား ရွှေခေါင်းလောင်းတစ်လုံးတို့အတွက် ငွေကျပ် ၁၀သိန်း၊ နှစ်ဖက်သောမိဘများနှင့်မိခင်ကြီး ဒေါ်သန်းကြည်အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် သားသမီးမြေးမြစ် တစ်စုတို့က တစ်ကျပ်သား ရွှေခေါင်းလောင်း တစ်လုံးအတွက် ငွေကျပ် လေးသိန်း၊ နန်းဝင်းပတ္တမြား တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဒေါက်တာထွေးထွင့်ကြည်–ဒေါက်တာ သင်းနွယ်ဝင်းနှင့် မိသားစုက ရွှေခေါင်းလောင်း ခြောက်လုံးအတွက် ငွေကျပ် ၁၂သိန်း၊ ဦးလှိုင်ဝင်း–ဒေါ်ခင်သန်းသန်း မိသားစုက အရံစေတီများအတွက် ထီး ၁၀လက်နှင့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် ၁၀သိန်း၊ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်းဦးမြင့်လေး၊ သမီးချွေးမ မတင်တင်စိန်တို့အား ရည်စူး၍ ရန်ကုန်မြို့ ၅၁ လမ်းနေ ဒေါ်လှရီ၊ သားသမီးမြေးမြစ်တစ်စုက ရွှေစင်ရွှေပြားတစ်ချပ်နှင့် ရွှေခေါင်းလောင်း တစ်လုံးတို့အတွက် ငွေကျပ် ၈၅၀၀၀၀၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံးက ရွှေခေါင်းလောင်း လေးလုံးအတွက် ငွေကျပ် ရှစ်သိန်း၊ အလုံမြို့နယ် သစ်တောလမ်းနေ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ ဇနီး ဒေါ်နီနီမိသားစုတို့က ရွှေစင်ရွှေပြား တစ်ချပ်အတွက် ငွေကျပ် ၆၅၀၀၀၀၊ မိဘများအား အမှူးထား၍ သိမ်ဖြူလမ်း ဇီဝကဆေးခန်းမှ ဒေါက်တာ မောင်မောင်နှင့် ညီမ ဒေါက်တာ တင်တင်ချိုတို့က ရွှေခေါင်းလောင်းခြောက်လုံးအတွက် ငွေကျပ် လေးသိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်–ဒေါ်မာလာဝင်း၊ သား အောင်စစ်မိုး၊ သမီး ရည်သွယ်အောင် မိသားစုတို့က ပုဂ္ဂိုလ်ထူးများ အဆောင်ပေါ်ရှိ အရံစေတီတစ်ဆူ ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် ငွေကျပ် ၂၆၄၀၀၀၊ မန္တလေးမြို့ ဧရာမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးသိန်းမြင့်–ဒေါ်မိုးစန္ဒာထွန်း မိသားစုတို့က စက်တော်ရာ တန်ဆောင်းအတွင်းရှိ ဗုဒ္ဓခြေတော်ရာအား ရွှေချနိုင်ရေးအတွက် ငွေကျပ် ၂၃၂၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရေကျော်လမ်းရှိ ဦးစံသိန်းနှင့် သားများ ငွေထည်လုပ်ငန်းမိသားစုက ဆည်းလည်းညောင်ရွက်များအတွက် ငွေကျပ် ၂၃၀၀၀၀၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ထွေး–ဇနီး ဒေါ်မိုးစန္ဒာမြင့်၊ သား မင်းပြည့်စုံသန့် မိသားစု၊ မိခင်ကြီး ဒေါ်ဝင်းစိန်အား ရည်စူး၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်ဖြူဖြူဝင်းတို့က ရွှေခေါင်းလောင်း တစ်လုံးစီအတွက် ငွေကျပ်နှစ်သိန်းစီတို့ကိုလည်းကောင်း၊ ကွယ်လွန်သူမိဘနှစ်ပါး၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အား ရည်စူး၍ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ဒေါ်ကျင်မြ၊ ရန်ကုန်မြို့(၄၇)လမ်းနေ ဒေါ်နန်းလှခင်က မွေးနေ့အလှူ၊ စမ်းချောင်းမြို့နယ် ဦးဖိုးလမ်းနေ ဦးဝင်းမြင့်–ဒေါ်ဝေဝေမြင့်၊ သမီး မြတ်သဇင်ထက် မိသားစု၊ မိခင်ကြီး ဒေါ်ခင်နုအား အမှူးထား၍ ရန်ကုန်မြို့ ရွှေတောင်ကြားနေ မြန်မာ့ရုပ်ရှင် လုပ်ငန်းမှ ဦးခင်မောင်ကျော်–ဒေါ်ခင်ဝင်းမိသားစု၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနေ ဦးအောင်စိုး–ဒေါ်လှလှဝင်းမိသားစု၊ ရန်ကုန်မြို့ (၄၇)လမ်းနေ ဒေါ်တင်အေး သားသမီးမြေးမိသားစု၊ ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာ တိုက်အမှတ်(၈)နေ ကိုအောင်စိုး–မခင်သန္တာလွင် မိသားစု၊ ဦးဝင်းစိန်နှင့် ကွယ်လွန်သူမိဘများအား ရည်စူးပြီး မိခင်ဒေါ်တုတ်အား အမှူးထား၍ ဦးသိန်းနိုင်–ဒေါ်မာမာဌေး မိသားစုတို့က ရွှေခေါင်းလောင်းတစ်လုံးစီတို့အတွက် ငွေကျပ်နှစ်သိန်းစီတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၆)လမ်းနေ ဦးမောင်သောင်း–ဒေါ်ခင်အေးမူ မိသားစု၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၆)လမ်းနေ ကိုအောင်စောနိုင်၊ ကိုစောညီညီနိုင်၊ မစောရတနာနိုင် မောင်နှမများ၊ မိဘနှစ်ပါးအား အမှူးထား၍ ရေကျော်လမ်းမကြီးနေ မလပြည့်ဝန်းမိသားစု၊ မြေနီကုန်းကျောင်းလမ်းနေ ဦးခင်မောင်ဝင်း–ဒေါ်စုစုဝင်း၊ သား မောင်သုတအောင် မိသားစု၊ အဘိုးအဘွားများ ဖြစ်ကြသည့် ဦးရောင်ရှိန်နှင့် ဒေါ်ကျင်မွေးတို့အားရည်စူး၍ မြေး–ကျော်ညီညီအောင်မိသားစု၊ မိဘများအား အမှူးထား၍ ရန်ကုန်မြို့ (၅၁)လမ်းနေ ဦးမောင်ကြူနှင့် မောင်နှမတစ်စု၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ကြီးအောင်ချမ်းသာပရိဘောဂဆိုင်မှ ဒေါ်မာလာဉာဏ် မောင်နှမတစ်စု၊ ပုဇွန်တောင်မြို့နယ် (၅၆)လမ်းနေ ဒေါ်ခင်အေးမူမိသားစု၊ ပုဇွန်တောင်မြို့နယ် (၅၂)လမ်းနေ ဒုတိယရဲမှူးကြီးမြင့်သိန်း (အငြိမ်းစား) – ဒေါ်စန်းနွဲ့၊ သားသမီးမြေးတစ်စု၊ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်းနေ ဦးသက်နိုင်–ဒေါ်စုစုအေး၊ သမီး မမြတ်သက်စု မိသားစု၊ ရန်ကုန်မြို့ (၅၁)လမ်းနေ ဦးမြင့်စိုး – ဒေါ်ခင်ဥမ္မာထွန်းမိသားစု၊ ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာဝင်းနေ ဦးဆန်နီ – ဒေါ်ဥမ္မာမိသားစု၊ တာမွေမြို့နယ် ယုဇနပလာဇာ နှင်းဆီလမ်းနေ ဦးဇော်ရန်အောင်–ဒေါ်တင်မိုးမြင့်၊ သမီး ဖူးပွင့်ဖြူမိသားစုနှင့် ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဗိုလ်ကြီးမင်းလွင်–ဒေါ်သန္တာမင်းတို့က ရွှေခေါင်းလောင်းတစ်လုံးစီတို့အတွက် ငွေကျပ် နှစ်သိန်းစီတို့ကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဌေးနှင့် ဇနီးတို့က ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်နှင့်စေတီတော် ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်တို့က အသီးသီး လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပရိသတ်တို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် တတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲတွင် အလှူရှင် ၆၂ဦးတို့၏ လှူဒါန်းငွေမှာ စုစုပေါင်း ငွေကျပ် ၁၇၅၄၆၀၀၀ဖြစ်သည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအတွက် ပထမအကြိမ်မှ တတိယအကြိမ်အထိ အလှူရှင်များ၏ လှူဒါန်းငွေနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးလာ စေတနာရှင်ပြည်သူများ၏ ယနေ့အထိ ထည့်ဝင်လှူဒါန်းငွေတို့မှာ စုစုပေါင်း ငွေကျပ် ၁၄၅၀၈၂၉၆၀ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ သားငယ်၊သမီးငယ်များ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ဒုတိယအကြိမ်မြောက် သားငယ်၊ သမီးငယ်များ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၇နာရီခွဲတွင် အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်း၊ ထောင်အုပ်စု ညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်းက အမှာစကားပြောကြားပြီး သားငယ်၊ သမီးငယ်များသို့ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ စာအုပ်၊ ဗလာစာအုပ်နှင့် ဘောပင်များကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

သင်တန်းသို့ အကျဉ်းဦးစီးဌာနမှ မိသားစုဝင် သားငယ် ၅၂ဦး၊ သမီးငယ် ၈၄ဦး စုစုပေါင်း ၁၃၆ဦးတို့ တက်ရောက်ကြပြီး အင်းစိန်မြို့ ဓမ္မဝါဒီစာသင်တိုက်မှ သီလရှင် ဘဒ္ဒဝတီနှင့် သီလရှင်များက ဇွန်၂၂ရက်မှ မေ ၅ ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ၉နာရီခွဲအထိ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏပူဇာကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်၊ ဈ/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်မှ ၂၀၀၇ခုနှစ် နိုင်ငံတော် အစိုးရ (၅၉) ကြိမ်မြောက် တိပိဋကရေးဖြေချီးမြှင့်ရေးစာမေးပွဲကြီး၌ အောင်မြင်တော်မူသဖြင့် ဝိနယဓရ(ပိဋကတစ်ပုံဆောင်)ဘွဲ့ ရရှိတော်မူသော အရှင်ဝိမလာလင်္ကာရအား ဂုဏပူဇာမင်္ဂလာ အခမ်းအနားကို ၁၃၆၉ခုနှစ်၊ ကဆုန်လပြည့်ကျော်၁ရက်၊ မေ ၁ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းတိုက် မြတ်အိန္ဒြေဓမ္မာရုံ ခန်းမတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၆–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ပညာခေတ်
၅း၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၄၃)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မွေးမြူသုတ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး"(ဒုတိယတွဲ) (အပိုင်း–၃၇)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

သြစတြေးလျ အရှေ့မြောက်ပိုင်းကမ်းရိုးတန်းတွင် လူမရှိဘဲမျောနေသည့် ရွက်လှေတစ်စင်း တွေ့ရှိ

ဆစ်ဒနီ ဧပြီ ၂၂

သြစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းကမ်းလွန်တွင် အင်ဂျင်စက်နှိုးထားသော ရွက်လှေတစ်စင်း မျောပါလျက်ရှိသည်ကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေတွေ့ရှိရကြောင်း၊ ယင်းရွက်လှေပေါ်တွင် လူတစ်ဦးတစ်ယောက်မျှ မရှိသော်လည်း စားသောက်ဖွယ်ရာများ အသင့်ပြင်ဆင်ထားသည်ကို တွေ့ရကြောင်း၊ ယင်းဖြစ်ရပ်မှာ ပဟေဠိဆန်လှကြောင်း စနေနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

၁၂ မီတာ (၃၆ ပေ)အရှည်ရှိ အဆိုပါ ရွက်လှေကို တောင်းစ်ဗယ်လီမြို့၏ ကမ်းလွန်မှ ရေမိုင် ၈၀ အကွာတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းရွက်လှေသည် ကွင်းစလန်ပြည်နယ်မှ သြစတြေးလျနိုင်ငံ အနောက်ပိုင်း ကမ်းရိုးတန်းဒေသသို့ ဦးတည်ကာ ရွက်လွှင့်ခဲ့ကြောင်း၊ လိုက်ပါလာသူသုံးဦးမှာ ထူးထူးဆန်းဆန်း ပျောက်ဆုံးနေကြောင်း အရေးပေါ်လုပ်ငန်းများ စီမံခန့်ခွဲရေးဌာနမှ ဂျွန်ဟောက ပြောကြားသည်။

ရွက်လှေပေါ်ရှိ အနေအထားများမှာ ပုံမှန်အတိုင်းရှိနေသော်လည်း ရွက်တိုက်သူများ ပျောက်ဆုံးနေခြင်းမှာ နားမလည်နိုင်အောင် ဖြစ်ရကြောင်း၊ အသက်ကယ်ဝတ်စုံများနှင့် အချက်ပြမီးအိမ်တို့ကို တွေ့ရသော်လည်း အသက်ကယ်ဖောင်များကို မတွေ့ရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

သြစတြေးလျနိုင်ငံ တောင်းစ်ဗယ်လီမြို့၏ အရှေ့ဘက်ကမ်းရိုးတန်းတွင် လူမရှိဘဲမျောပါနေသည့် ရွက်လှေတစ်စင်းကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ−အင်တာနက်)*

နယ်နိမိတ်မျဉ်းသတ်မှတ်ရေး အိန္ဒိယနှင့်တရုတ် ကိုယ်စားလှယ်များဆွေးနွေး

နယူးဒေလီ ဧပြီ ၂၂

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ အထူးကိုယ်စားလှယ်များသည် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း သတ်မှတ်ရေးကိစ္စနှင့်ပတ်သက်၍ ဒသမအကြော့ ဆွေးနွေးပွဲကို သောကြာနေ့တွင် စတင်ကြောင်း စနေနေ့ ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

နယူးဒေလီသို့ ရောက်ရှိနေသော တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒိုင်ဘင်ကျိုးသည် အိန္ဒိယအမျိုးသား လုံခြုံရေး အကြံပေးပုဂ္ဂိုလ် အမ်ကေနာရာယာနန်နှင့် တွေ့ဆုံကာ အဆိုပါ ဆွေးနွေးပွဲကို စတင်ကျင်းပသည်။

ဒိုင်သည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ပရာနတ်မူခါဂျီးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အိန္ဒိယနှင့် တရုတ်တို့၏ နယ်နိမိတ်သတ်မှတ်ရေး နဝမအကြော့ဆွေးနွေးပွဲကို ၂၀၀၃ ခုနှစ်တွင် ကျင်းပခဲ့သည်။ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း သတ်မှတ်ရေး ဆွေးနွေးမှုများမှာ တိုးတက်မှုရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ အထူးကိုယ်စားလှယ်များသည် လွန်ခဲ့သည့်သုံးလက တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နယ်နိမိတ်မျဉ်း သတ်မှတ်ရေး ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ပီတီအိုင်။***

တောင်တက်သမားများ နီပေါသို့ ရောက်ရှိ

ခတ္တမန္ဒူ ဧပြီ ၂၂

တောင်တက်သမားများသည် ဟိမဝန္တာတောင်တက်ရန်အတွက် ယခုနွေဦး ပေါက်ကာလတွင် နီပေါသို့ စုဝေးရောက်ရှိနေကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

မတ်လလယ်မှ မေလအထိ ဟိမဝန္တာတောင်တက်ရန် အကောင်းဆုံးကာလဖြစ်ကြောင်း၊ ယနေ့အထိ ဟိမဝန္တာနှင့် အခြားတောင်များသို့ တက်ရောက်ရန် ခွင့်ပြုချက်ရထားသောအဖွဲ့ ၅၇ ဖွဲ့ရှိပြီဖြစ်ပြီး ၂၂ ဖွဲ့မှာ ဧဝရက်တောင်ပေါ်သို့ တက်ရောက်ကြမည်ဖြစ်သည်ဟု ယဉ်ကျေးမှု ဝန်ကြီးဌာန ခရီးသွားလာရေးဌာန လက်အောက် ရှိ ခရီးသွားဌာနက ပြောကြားသည်။ ယင်းဦးရေသည် လွန်ခဲ့သည့်နှစ် နွေဦး ပေါက်ကာလက ထုတ်ပြန်သည့် စာရင်းထက်များပြားသည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

နီပေါအစိုးရက လွန်ခဲ့သည့်နှစ်အတွင်း တောင်တက်အဖွဲ့ ၅၃ ဖွဲ့ကို ခွင့်ပြုခဲ့ပြီး ၁၇ ဖွဲ့သည် ဧဝရက်တောင်တက်မည့် အဖွဲ့များဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ယောင်ဂျင်မြို့ရှိ အဲဗားလင်းအပန်းဖြေဥယျာဉ်တစ်နေရာကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ−အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် ရော့က်ဖယ်လာခန်းမ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် နယူးယောက် နိုင်ငံတကာ သစ်ခွပြပွဲ ခင်းကျင်းထားသည်ကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ−အင်တာနက်)

အင်ဒိုနီးရှားရှိ ဆမ်းဘားကျွန်း၌ ထောင့်သန်းရောဂါဖြစ်ပွား

ဂျကာတာ ဧပြီ ၂၂

အင်ဒိုနီးရှားနိုင်ငံရှိ ဆမ်းဘားကျွန်းတွင်ထောင့်သန်းရောဂါကြောင့် လူရှစ်ဦးသေဆုံးပြီး ခြောက်ဦး ဆေးရုံတက်ရောက်လျက်ရှိကြောင်း၊ သန့်ရှင်းမှုမရှိသော အမဲသားကို စားသုံးမိ၍ ယင်းကဲ့သို့ ဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာက ဧပြီ ၂၁ ရက်တွင် ရေးသားဖော်ပြသည်။

ထောင့်သန်းရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် ကိုဒီခရိုင်အတွင်း ကျွဲနွားများ သယ်ဆောင်မှုမပြုလုပ်ရန် ပိတ်ပင်ထားကြောင်း၊ ယင်းဒေသသည် အီစ်နူဆာတန်ဂါရာပြည်နယ် အရှေ့ဘက်တွင် တည်ရှိကြောင်း ကွမ်ပက်စ်အမည်ရှိ သတင်းစာက ရေးသားဖော်ပြထားသည်။ထောင့်သန်းရောဂါ ဖြစ်ပွားကြောင်း ဓာတ်ခွဲစမ်းသပ်ချက်များအရသိရကြောင်း နူဆာတန်ဂါရာပြည်နယ်အရှေ့ပိုင်း အုပ်ချုပ်ရေးမှူး ဖရန်လီဘူရာယာ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။

ဂျကာတာမြို့၏ အရှေ့ဘက် ကီလိုမီတာ ၁၅၀၀ အကွာရှိ ဒေသ၌ ကျွဲနွားအားလုံးကို ကာကွယ်ဆေးထိုးနှံထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရုရှားသမ္မတဟောင်း ဘောရစ်ယဲ့ဆင်ကွယ်လွန်

မော်စကို ဧပြီ ၂၃

ရုရှားသမ္မတဟောင်းဘောရစ်ယဲ့ဆင် (၇၆)နှစ် သည် မော်စကိုရှိ ဗဟိုဆေးရုံကြီးတွင် ယနေ့ကွယ်လွန်သွားကြောင်း အစိုးရအဖွဲ့ရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘောရစ်ယဲ့ဆင်သည် နှလုံးရောဂါကို ခံစားခဲ့ရပြီးနောက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅မိနစ်တွင် ကွယ်လွန်ခဲ့သည်။

ယဲ့ဆင်သည် ဆိုဗီယက်ခေတ်လွန်ကာလ ရုရှားသမ္မတနိုင်ငံ၏ ပထမဆုံးသော သမ္မတဖြစ်သည်။ ယဲ့ဆင်သည် သမ္မတအဖြစ် ၁၉၉၁ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခံခဲ့သည်။ ၁၉၉၆ခုနှစ်တွင် ယင်းရာထူး၌ထပ်မံရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာလအထိ သမ္မတ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

အင်တာနက်။

ကမ္ဘာပေါ်၌ ဆေးဝါး၊ ဓာတုပစ္စည်း တင်ပို့မှု အများဆုံးနိုင်ငံ ဘယ်လ်ဂျီယံဖြစ်လာ

ဘရပ်ဆယ်လ် ဧပြီ ၂၂

ဘယ်လ်ဂျီယံနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆေးဝါး၊ ဓာတုဗေဒပစ္စည်းနှင့် ချည်မျှင်တု သို့မဟုတ် ဓာတုဗေဒချည်မျှင်များကို အများဆုံးတင်ပို့ရောင်းချနေသော နိုင်ငံဖြစ်ကြောင်း ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စာရင်းအင်းများက ဖော်ပြသည်။

ထိုနိုင်ငံ၏ ဖော်ပြပါ ပစ္စည်းများ တင်ပို့မှုသည် လွန်ခဲ့သော ခြောက်နှစ်အတွင်း နှစ်ဆအထိ မြင့်တက်လာသည်။ ၂၀၀၆ ခုနှစ်က ရှိခဲ့သော ယင်းပစ္စည်းများတင်ပို့မှု တန်းစီဇယားတွင် ဘယ်လ်ဂျီယံသည် နံပါတ် ၁၀ အတွင်း ပါဝင်သော နိုင်ငံဖြစ်သည်။ ယင်းနိုင်ငံ၏ အဆင့်သည် ရုရှား၊ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့ ထက်ကျော်သော နေရာတွင်ရှိသည်။

အကျယ်အဝန်းအားဖြင့် ဆိုပါက ဘယ်လ်ဂျီယံနိုင်ငံသည် စတုရန်း ကီလိုမီတာ ၃၀၅၀၀ သာရှိပြီး လူဦးရေမှာလည်း ၁၀ သန်းသာ ရှိသည်။ ထိုမျှ သေးငယ်သော နိုင်ငံရှိ အင်တဝပ် ပင်လယ်ဆိပ်ကမ်း ဝန်းကျင်တွင် ဆေးဝါးစက်ရုံများ၊ ဓာတုဗေဒစက်ရုံများနှင့် ပလတ်စတစ်စက်ရုံများ သိပ်သည်းစွာ တည်ရှိနေမှုကြောင့် ဘယ်လ်ဂျီယံသည် ကမ္ဘာပေါ်တွင် ဆေးဝါးနှင့် ဓာတုဗေဒပစ္စည်းများ အများဆုံးတင်ပို့သော နိုင်ငံဖြစ်နေခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ်နိုင်ငံ၌ ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။ ဘဂ္ဂဒက် အနောက်တောင်ဘက်တွင် ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက် မြောက်ပိုင်းတွင် ဖြစ်ပွားသော လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်၌ ဖော်ပြသည်။အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် စစ်ဆင်ရေး တာဝန်ထမ်းဆောင်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း သီးခြားထုတ်ပြန်သည့် စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဆေးလိပ် သောက်ခြင်းသည် ကင်ဆာဖြစ်စေသည်ဟူသော အချက်ကို အများပြည်သူများ သတိမူ အရေးထားလာစေရန် စင်ကာပူ၌ သရုပ်ပြ ပညာပေးနေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇီဝအီသနောအသုံးပြုသည့် ပထမဆုံး ဘတ်စ်ကား လန်ဒန်မြို့တွင် စမ်းသပ် ပြေးဆွဲမည်

လန်ဒန် ဇွန် ၂၂

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဇီဝအီသနောလောင်စာအသုံးပြုသည့် ပထမဆုံးသော ဘတ်စ်ကားကို စမ်းသပ်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်း၌ ယနေ့ ဖော်ပြသည်။

ဘရာဇီးနိုင်ငံမှ ဝယ်ယူတင်သွင်းသော အီသနောလောင်စာအသုံးပြုသည့် နှစ်ထပ်ဘတ်စ်ကားတစ်စီးကို စမ်းသပ်ပြေးဆွဲမည်ဖြစ်ကြောင်း၊ ယင်း ဘတ်စ်ကားသည် ခရီးသည် ၈၁ ဦး တင်ဆောင်နိုင်ကြောင်း လန်ဒန်မြို့တော်ဝန် ကန်းလစ်ဗင်းစတန်က ပြောကြားသည်။ ဘရာဇီးနိုင်ငံသည်ကြံမှတစ်ဆင့်အီသနောလောင်စာကို ထုတ်လုပ်လျက်ရှိသည်။

လန်ဒန်တွင် ဒီဇယ်ဆီနှင့် လျှပ်စစ်ပေါင်းစပ်အသုံးပြုသော ဘတ်စ်ကား ခုနစ်စီးဖြင့် ခရီးစဉ်ပြေးဆွဲလျက်ရှိသည်။ ၂၀၀၈ ခုနှစ် နှစ်ကုန်ထက်နောက်မကျဘဲ ဒီဇယ်နှင့် လျှပ်စစ်ပေါင်းစပ်အသုံးပြုသော ဘတ်စ်ကားအစီး ၅၀ အထိ ပြေးဆွဲနိုင်ရန် စီမံချက်ချမှတ်ထားသည်။

လန်ဒန်မြို့တွင် ၂၀၂၅ခုနှစ်ထက် နောက်မကျဘဲ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ရည်ရွယ်လျက် ဇီဝအီသနောလောင်စာ အသုံးပြုသည့် ကားများကို တိုးတက် သုံးစွဲ သွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆိုယုဇ် အာကာသယာဉ် ပြန်လည်ဆင်းသက်

မော်စကို ဇွန် ၂၂

အမေရိကန် အာကာသခရီးသည်တစ်ဦးနှင့် ရုရှား-အမေရိကန် ပူးတွဲအာကာသယာဉ်မှူးများအဖွဲ့တစ်ဖွဲ့ လိုက်ပါလာသော ရုရှားဆိုယုဇ် အာကာသယာဉ်သည် ကာဇက်စတန်နိုင်ငံ၌ စနေနေ့ ဂရင်းနစ်စံတော်ချိန် ၁၂ နာရီ ၃၁ မိနစ်တွင် ပြန်လည်ဆင်းသက်လာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆိုယုဇ်အာကာသယာဉ် ကမ္ဘာမြေပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ပြီဖြစ်ကြောင်း မော်စကိုမြို့ ဆင်ခြေဖုံးရှိ အာကာသမစ်ရှင်ထိန်းချုပ်ရေး ဗဟိုဌာနက ကြေညာသည်။

ဆိုယုဇ်အာကာသယာဉ်နှင့်အတူ ပြန်လည်လိုက်ပါလာသည့်ခရီးသည်မှာ အမေရိကန်ကုဋေကြွယ်သူဌေးကြီး ချားလ်စ်ဆိုင်မွန်ယီဖြစ်သည်။ ၎င်းသည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် အာကာသခရီးသည်ဖြစ်ပြီး အာကာသခရီးသည်အဖြစ် ရက်သတ္တနှစ်ပတ်ကြာ လိုက်ပါနိုင်ရန် အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ပေးခဲ့ရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပီယက်နမ်၌ ခွာနာလျှာနာရောဂါဖြစ်ပွား

ဟနွိုင်း ဇွန် ၂၂

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဟာသင်ပြည်နယ်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားနေကြောင်း ဒေသဆိုင်ရာတိရစ္ဆာန် ဆေးကုသရေးအဖွဲ့က ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

ဟာသင်ပြည်နယ် ကီအန်ခရိုင်တွင် ကျွဲ၊နွား ၇၃၅ ကောင်အနက် ကျွဲအကောင် ၂၀ နှင့် နွား ၇၅ ကောင်မှာ ခွာနာလျှာနာရောဂါ ဝေဒနာခံစားနေရကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဌာနက ပြောကြားသည်။

ပြည်နယ် တိရစ္ဆာန်ဆေးကုသရေးဗျူရိုက ခွာနာလျှာနာ ရောဂါကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ ဝက် ၃၅ သန်းမှသန်း ၄၀ အထိ လည်းကောင်း၊ နွား ၆ ဒသမ ၅ သန်းမှ ၆ ဒသမ ၇ သန်းအထိလည်းကောင်း၊ ကျွဲ ၂ ဒသမ ၈ သန်းမှ ၃ သန်းအထိ လည်းကောင်း မွေးမြူသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီတာမင်(စီ)ဆေးပြားထက် လိမ္မော်သီးက ကျန်းမာရေးကိုပိုမိုအကျိုးပြု

လန်ဒန် ဇွန် ၂၂

ဗီတာမင်(စီ)ဓာတ်ကြွယ်ဝသည့် သစ်သီးများကို စားသောက်ခြင်းသည် ဆေးပြား သို့မဟုတ် အခြားဖြည့်စွက်အစားအစာများမှတစ်ဆင့် အာဟာရစားသုံးခြင်းထက် ကျန်းမာရေးအတွက် ပို၍အကျိုးပြုကြောင်း အီတလီနိုင်ငံ မီလန်တက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိခဲ့သည်။

ဗီတာမင်(စီ)ဓာတ်သည် "စကဗီ"ခေါ် သွားဖုံးရောဂါနှင့် သာမန်အအေးမိခြင်းရောဂါတို့ကို ကာကွယ်ပေးကြောင်း သိရှိထားကြသည်။

လိမ္မော်သီးကဲ့သို့သော ဗီတာမင်(စီ)ဓာတ် ကြွယ်ဝသည့်သစ်သီးများသည် အာနိသင်ကောင်းသော ဒြပ်ပေါင်းများဖြစ်ကြပြီး ဒီအင်အေပျက်စီးမှုကို ကာကွယ်ပေးကြောင်း မီလန်တက္ကသိုလ် အာဟာရဌာနခွဲမှ ဒေါက်တာ ဆီရီနာဂွါနီရီနှင့် လုပ်ဖော်ကိုင်ဖက်များက လေ့လာတွေ့ရှိခဲ့သည်။

သုတေသီများ၏ လေ့လာဆန်းစစ်မှုအဖြစ် လိမ္မော်ရည်တစ်ဖန်ခွက်၊ ဗီတာမင်(စီ)ဓာတ်ဖြင့် အားဖြည့်ထားသည့် ဖျော်ရည်တစ်ဖန်ခွက်နှင့် သကြားဖျော်ရည်တစ်ဖန်ခွက်တို့ကို အသုံးပြုပြီး စမ်းသပ်ခဲ့ကြသည်။ စေတနာ့ဝန်ထမ်း စမ်းသပ်ခံသူများအား ဖျော်ရည်များသောက်သုံးစေပြီးနောက် သုံးနာရီနှင့် ၂၄နာရီအကြာတွင် ၎င်းတို့ထံမှ သွေးနမူနာများကို ထုတ်ယူခဲ့သည်။ ယင်းသွေးနမူနာများကို ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် ဓာတ်ငွေ့နှင့် ထိတွေ့စေခဲ့သည်။ ယင်းဓာတ်ငွေ့မှာ ဒီအင်အေပျက်စီးမှုကို ဖြစ်ပေါ်စေသည့် ဓာတ်တစ်မျိုးဖြစ်သည်။

လိမ္မော်ရည်သောက်သုံးထားသူများ၏ သွေးနမူနာများတွင် ဒီအင်အေပျက်စီးမှုသိသာထင်ရှားစွာ လျော့နည်းလျက်ရှိကြောင်းတွေ့ရှိရသည်။ သကြားဖျော်ရည်နှင့်ဗီတာမင်(စီ)ဓာတ်ဖြင့် အားဖြည့်ထားသည့် ဖျော်ရည်တို့မှာ ဒီအင်အေပျက်စီးမှုကို ကာကွယ်နိုင်စွမ်းမတွေ့ရှိရပေ။

ဗီတာမင်(စီ)ဓာတ်က ဒြပ်ပေါင်းများပျက်စီးမှုမရှိအောင် ကာကွယ်ပေးရာတွင် အခြားဒြပ်စင်များ၏ ဖြည့်ဆည်းပံ့ပိုးမှုလည်း ပါဝင်ဖွယ်ရှိကြောင်း လေ့လာဆန်းစစ်ချက်အရ သိရှိရသည်ဟု ဂွါနီရီကပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ ဘာတန်မြို့တွင် ပြုလုပ်သည့် လေကြောင်းပြပွဲတွင် လေယာဉ်တစ်စင်း ပျက်ကျမီးလောင်မှုဖြစ်ပွားသဖြင့် မီးငြိမ်းသတ်ရန် ပြင်ဆင်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုကီနာဝါတွင် ငလျင်လှုပ် ဆူနာမီရေလှိုင်း ဖြစ်ပေါ်

တိုကျို ဇွန် ၂၂

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုကီနာဝါဒေသတွင် ဇွန် ၂၀ ရက် နံနက်ပိုင်းက ၆ ဒသမ ၇ အင်အားရှိ ပြင်းထန်သော မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ယင်းမြေငလျင်လှုပ်ချိန်မှာ နံနက် ၁၀ နာရီ ၄၆ မိနစ်တွင် ဖြစ်သည်။ မီယာကိုကျွန်းနှင့် ယာအီယာမာဒေသများတွင် ဆူနာမီရေလှိုင်းများ ကျရောက်နိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

ခန့်မှန်းသည့်အတိုင်း စင်တီမီတာ၅၀ အမြင့်ရှိ ရေလှိုင်းများဖြစ်ပေါ်ခဲ့ကြောင်း အေဂျင်စီက ပြောကြားသည်။ ယင်းမြေငလျင်၏ ဗဟိုချက်သည် မီယာကိုကျွန်း၏ အနောက်မြောက်ဘက် မြေအောက်အနက် ကီလိုမီတာ ၄၀ အကွာတွင် တည်ရှိသည်။

ဇွန် ၂၀ ရက် နံနက် ၉နာရီ၂၆မိနစ် အချိန်ကလည်း အိုကီနာဝါကျွန်းတွင် ၆ဒသမ၂ အဆင့်ပြင်းအားရှိ ရှေ့ပြေးငလျင်တစ်ခုလှုပ်ခဲ့သေးသည်။ ထိုငလျင်နှစ်ခုကြောင့် အပျက်အစီး အထိအခိုက် သတင်း တစ်စုံတစ်ရာ မရရှိသေးဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သရုပ်ပြပျံသန်းမှုတွင် ပါဝင်သည့် အမေရိကန်ရေတပ် လေယာဉ်ပျက်ကျ

ဖျူးဖို့ဒ် ဇွန် ၂၂

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ဘာတန်မြို့အနီးတွင် စနေနေ့က ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ယင်းလေယာဉ်၏ လေသူရဲ သေဆုံးကြောင်း အင်တာနက်သတင်းတွင် ယနေ့ ဖော်ပြသည်။

လေကြောင်းပြပွဲတွင် ပါဝင်သည့် စစ်လေယာဉ်များအနက် ဂျက်လေယာဉ်တစ်စင်း ပျက်ကျခြင်းဖြစ်ပြီး အမေရိကန်ရေတပ်လက်ရွေးစင်တပ်ဖွဲ့ ဖြစ်သည့် ဘလူးအိန်ဂျယ်လ်တပ်ဖွဲ့ပိုင် လေယာဉ်ဖြစ်သည်။

မျက်မြင်တွေ့ရှိ

အဆိုပါ စစ်လေယာဉ်သည် လူနေရပ်ကွက် တစ်ခုပေါ်သို့ ပျက်ကျခဲ့ပြီး နေအိမ်တစ်လုံးထက် မနည်းမီးလောင်ခဲ့ရကြောင်း၊ ထရပ်ကားတစ်စီးမှာလည်း မီးလောင်ခဲ့ပြီး ရှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ဖော်ပြ

စစ်လေယာဉ်ခြောက်စင်းက သရုပ်ပြပျံသန်းချိန်အတွင်း ဂျက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ သေဆုံးသွားသည့် လေယာဉ်မှူးမှာ သရုပ်ပြပျံသန်းမှုတွင် ပထမဆုံးအကြိမ် ပါဝင်ခဲ့သူဖြစ်ကြောင်း ရေတပ်၏ ကြေညာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

ကြေးမုံ နိုင်ငံတကာ သတင်းများ

The Mirror

ပေါ်တူဂီနိုင်ငံမြောက်ပိုင်း အာဂူဒါမြို့တွင် ပြုလုပ်သော ဂရင်းပရီ မော်တော်ဆိုင်ကယ် ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သော ပြိုင်ပွဲဝင်များကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လူတိုင်းအတွက် ဗီတာမင် ဒီ

ပါမောက္ခ ဒေါက်တာပိုင်စိုး

ဗီတာမင်များသည် သတ္တဝါများတို့ ကြီးထွားဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်ထဲရှိ ကလာပ်စည်း (cell)များ ပုံမှန်အလုပ် လုပ်ဆောင်နိုင်ရန် မရှိမဖြစ်လိုအပ်ပေသည်။ အဓိက ဗီတာမင် ၁၃ မျိုးရှိပါသည်။ ရေတွင်ပျော်ဝင်သော ဗီတာမင် ကိုးမျိုးနှင့် အဆီတွင်ပျော်ဝင်သော ဗီတာမင်လေးမျိုး ရှိပါသည်။ ၎င်းတို့အနက် ဗီတာမင်ဒီသည် အဆီတွင်ပျော်ဝင်သော ဗီတာမင်တစ်မျိုးဖြစ်ပြီး ၎င်းသည် အရိုးနှင့်အဆစ်များ သန်စွမ်းရေးအတွက် ကယ်လ်ဆီယမ်ဓာတ်ကို စုပ်ယူခြင်း၊ အရိုးတွင် ကယ်လ်ဆီယမ်ပါဝင်မှုနှင့် ကြွက်သားများလှုပ်ရှားခြင်းတို့တွင် လိုအပ်ပါသည်။

ဗီတာမင်ဒီ အမျိုးအစားများ

ဗီတာမင်ဒီ နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ **ဗီတာမင်ဒီ(၂)**ဖြစ်ပြီး ၎င်းသည်အပင်များမှ ရရှိနိုင်ပါသည်။ နောက်တစ်မျိုးမှာ **ဗီတာမင်ဒီ (၃) (Cholecalciferol)**ဖြစ်ပြီး ၎င်းကို တိရစ္ဆာန်များမှ ရရှိပါသည်။ ဗီတာမင်ဒီ(၃)သည် ဇီဝအစွမ်းသတ္တိပိုရှိပြီး ၎င်းသည် အစားအသောက်တွင် ပါဝင်၍ ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်အတွက် ကောင်းကျိုးကို ရရှိစေပါသည်။ **ကျန်းမာရေးအတွက် အဓိကကျသောအချက်များမှာ ရောင်စုံအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ မှန်မှန်စားသောက်ခြင်းနှင့် လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်းတို့ ဖြစ်ပေသည်။ နောက်ဆုံးပေါ် တွေ့ရှိချက်များအရ ထပ်မံဖြည့်စွက်ရလျှင် နေပူဆာလှုံခြင်းသည်လည်း အရေးကြီးသည့် အချက်ပင်ဖြစ်ပေသည်။**

နေရောင်ခြည်နှင့် ဗီတာမင်ဒီ

ခရမ်းလွန်ရောင်ခြည် (Ultraviolet Light)၊ (UV Light) သုံးမျိုးရှိပါသည်။ UV-A ၊ UV-B နှင့် UV-C တို့ ဖြစ်ပါသည်။ UV-C သည် အပြင်းဆုံးရောင်ခြည်ဖြစ်ပြီး အချိန်တိုအတွင်း အနည်းငယ်ထိရုံမျှဖြင့် အရေပြားလောင်ခြင်းကို ဖြစ်စေပါသည်။ သို့ရာတွင် ၎င်းကို အိုဇုန်းလွှာ (ozone) က လျင်မြန်စွာ စုပ်ယူသွားပါသည်။ ဖလော်ရင့်ဆင့်နှင့် ဟေလိုဂျင်များထဲတွင် UV-C ပါဝင်၍ အရေပြားကင်ဆာဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။ UV-A ရောင်ခြည်ကို (Tanning Ray) ဟုခေါ်ပြီး ၎င်းသည် အရေပြား၏ အရောင်ကို ရင့်စေပါသည်။ ၎င်း UV-A ရောင်ခြည်သည် လှိုင်းအလျား ရှည်သောကြောင့် UV-B နှင့် နှိုင်းယှဉ်လျှင် အရေပြားအတွင်းသို့ ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ပါသည်။

ဗီတာမင်ဒီ ထုတ်ပေးရန်အတွက် အသင့်တော်ဆုံး ခရမ်းလွန်ရောင်ခြည်မှာ UV-B ပင်ဖြစ်ပါသည်။၎င်းကို Burning Ray ဟုလည်းခေါ်ပါသည်။ ၎င်းသည် နေလောင်ခြင်း (Sun Burn)ဖြစ်စေသော အဓိက ရောင်ခြည်ပင်ဖြစ်သည်။ သို့ရာတွင် ၎င်းသည် ခန္ဓာကိုယ်ထဲတွင် **ဗီတာမင်ဒီ**ထုတ်လုပ်ပေးရန် အရေးကြီးသော ကဏ္ဍမှလည်းပါဝင်နေပေသည်။ UV-B သည် ကိုယ်အလေးချိန်ကျခြင်းနှင့် စွမ်းအင်ထုတ်လုပ်ခြင်းတို့တွင် အဓိကပါဝင်သော ဟော်မုန်း (Melanocyte Stimulating Hormone -MSH) ထုတ်လုပ်မှုကို အားပေးပါသည်။ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီကြားတွင် ရရှိမည့် နေရောင်ခြည်တွင် UV-B အများဆုံး ပါဝင်၍ ၎င်း UV-B သည် ဗီတာမင်ဒီကို လုံလောက်အောင် ထုတ်လုပ်ပေးသည်။ သို့ဖြစ်၍ **နွေရာသီ၊ သို့မဟုတ် ဆောင်းရာသီများ၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီကြားတွင် အရေပြားအရောင်အဆင်းနှင့် အမျိုးအစားပေါ် မူတည်၍ အရေပြားလောင်ကျွမ်းမှု မဖြစ်စေဘဲ မိနစ် ၂၀ မှ ၃၀ အတွင်း နေပူဆာလှုံခြင်းဖြင့် ကိုယ်ခန္ဓာအတွက် လုံလောက်သော ဗီတာမင်ဒီကို ရရှိနိုင်ပြီး ၎င်းဗီတာမင်အား ခန္ဓာကိုယ်ထဲရှိ အဆီများက စုပ်ယူထိန်းသိမ်းထားပါသည်။ ဗီတာမင်ဒီပါဝင်သော အဆီကိုစုပ်ယူမှုသည် မိနစ် ၃၀ မှ ၆၀ အထိ ကြာမြင့်သည်။ သို့ဖြစ်၍ နေပူဆာလှုံပြီးလျှင် တစ်နာရီခန့်နားပြီးမှ ရေချိုးသင့်ပါသည်။** တစ်နေ့လျှင် ၁၀ မိနစ်မှ ၁၅ မိနစ်အထိ တစ်ပတ်လျှင် သုံးကြိမ်ခန့် နေပူဆာလှုံခြင်းဖြင့် ၂၀၀မှ၄၀၀ အိုင်ယူ IU (International Unit) ရှိသော ဗီတာမင်ဒီကို ရရှိပေမည်။ အသားရောင်ရင့်သူများအတွက်မူ မိနစ် ၂၀ မှ ၃၀ ခန့်အထိ နေပူဆာလှုံသင့်သည်။

ဗီတာမင်ဒီနှင့် အစားအသောက်

ဗီတာမင်ဒီကို နေရောင်ခြည်မှ ရရှိသကဲ့သို့ အစားအစာအချို့တွင်လည်း ဗီတာမင်ဒီ ပါဝင်ပါသည်။ ၎င်းတို့မှာ ဝက်၊ နွား၊ သိုး၊ ဆိတ်တို့၏ ဝမ်းတွင်းသားများနှင့် အသားများ၊ ရေငန်ငါးများ (ဥပမာ–ငါးသေတ္တာငါး) အခွံမာငါးများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ (ချိစ်၊ ဒိန်ခဲ၊ ထောပတ်၊ မာဂျရင်း)၊ ဖျော်ရည်များ၊ နံစားပြောင်းနှင့် ငါးအဆီတို့တွင် ပါဝင်ပါသည်။ မွေးမြူရေးငါးများတွင် ဗီတာမင်ဒီ လုံလောက်စွာ မပါဝင်ပါ။ ရေငန်ငါးများသည် သဘာဝအလျောက် ပေါက်သော ဗီတာမင်ဒီ ပါဝင်သော အပင်တစ်မျိုး (Phytoplanleton) ကို စားသောက်ခြင်းကြောင့် ၎င်းရေငန်ငါးများတွင် ဗီတာမင်ဒီ ပါဝင်မှုများပြားခြင်း ဖြစ်ပေသည်။

အစားအစာ အမျိုးမျိုးမှရရှိသော ဗီတာမင်ဒီပါဝင်မှု

စဉ်	အစားအစာ	ပမာဏ	ဗီတာမင်ဒီပါဝင်မှု
၁။	ငါးကြီးဆီ	စားပွဲတင်ဇွန်းတစ်ဇွန်း	၁၃၆၀ IU
၂။	ဆော်လ်မွန်ငါး	၇ ကျပ်သားခန့်	၃၆၀ IU
၃။	တူနာငါး	၅ ကျပ်သားခန့်	၂၀၀ IU
၄။	ငါးသေတ္တာငါး	၅ ကျပ်သားခန့်	၂၅၀ IU
၅။	နို့	လက်ဖက်ရည်ပန်းကန် တစ်လုံး	၉၈ IU
၆။	ဥ	တစ်လုံး	၂၄ IU
၇။	ဝက်၊ကြက်၊သိုး အသည်း	၇ ကျပ်သားခန့်	၁၅–၂၀ IU
၈။	ဝက်အဆီ	၇ ကျပ်သားခန့်	၂၈၀၀ IU
၉။	ပြည်ကြီးငါး၊ ကင်းမွန်	၇ ကျပ်သားခန့်	၁၇၂ IU
၁၀။	ထောပတ်	၅ ကျပ်သား	၅၆ IU

အသက်အရွယ်အလိုက် နေ့စဉ်လိုအပ်သော ဗီတာမင်ဒီ ပမာဏ

အသက် ၅ နှစ်မှ ၅၀ အထိ ၂၀၀ IU
အသက် ၅၁ နှစ်မှ ၇၀ အထိ ၄၀၀ IU
အသက် ၇၁ နှစ်နှင့် အထက် ၆၀၀ IU

ယနေ့ တိုးတက်နေသောခေတ်ကြီးတွင် လူအများစု စားသုံးသော အစားအသောက်များ၌ ဗီတာမင်ဒီလုံလောက်စွာ ပါဝင်မှုမရှိကြောင်းကို တွေ့ရှိရပါသည်။ ယခုအခါ လူအများသည် အဆီဓာတ်လွန်ကဲမှုကို အလွန်အမင်း ကြောက်ရွံ့နေကြသောကြောင့် အဆီဓာတ်များသော အစားအစာများဖြစ်သည့် မလိုင်အပြည့်ပါသော နို့နှင့်နို့ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အဆီများ စားသုံးမှုကို သိသိသာသာ လျှော့ချလိုက်ခြင်းကြောင့် ဗီတာမင်ဒီကို လုံလောက်စွာ မရရှိကြတော့ဘဲ ဗီတာမင်ဒီချို့တဲ့မှုရောဂါများ ဖြစ်ပေါ်လာကြပြန်ပါသည်။ အသက်သတ်လွတ် စားသူများတွင်လည်း ဗီတာမင်ဒီ ချို့တဲ့မှုကို တွေ့ရှိရပါသည်။

ဗီတာမင်ဒီ၏ အာနိသင်

ဗီတာမင်ဒီသည် အစာလမ်းကြောင်းများမှ ကယ်လ်ဆီယမ်စုပ်ယူမှုကို အားပေးပြီး ကယ်လ်ဆီယမ်ကို ဆဲလ်အမြှေးပါးများမှတစ်ဆင့် ဆဲလ်ထဲဝင်ရောက်ပြီး အဆစ်များနှင့် အာရုံကြောများကို သန်မာစေပါသည်။ ကယ်လ်ဆီယမ်သာမက မဂ္ဂနီဆီယမ်၊ သံဓာတ်နှင့် ဇင့် (Mg, Iron & Zinc) တို့ စုပ်ယူမှုကိုလည်း အားပေးခြင်းဖြင့် အရိုးအဆစ်များကို သန်မာစေပါသည်။ သွေးထဲရှိ ကယ်လ်ဆီယမ်၏ ပမာဏကိုလည်း ထိန်းထားပေးပါသည်။ ထို့အပြင် ဗီတာမင်ဒီသည် ကိုယ်ခံအားကောင်းစေပြီး ကြွက်သားများကို သန်စွမ်းစေပါသည်။ ထို့အပြင် အချို့သော ဟော်မုန်းများ ထုတ်လုပ်ရာတွင်လည်း အားပေးပါသည်။

ဗီတာမင်ဒီသည် ဓာတ်တိုးခြင်းကို ကာကွယ်သော သတ္တိ (Anti-oxident) အာနိသင်ရှိပြီး ၎င်းအာနိသင်သည် Vitamin E ထက် ပိုမိုသာလွန်ပါသည်။ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီနှင့် ဒီအင်အေ (DNA) တို့တွင်ရှိသော Free Radicals များသည် တစ်သျှူးများကို ဓာတ်တိုးစေခြင်းဖြင့် ပျက်စီးစေပြီး၊ နှလုံးသွေးကြောရောဂါ၊ ကင်ဆာရောဂါ၊ အဆစ်အမြစ်ရောင် ရောဂါ၊ အိုမင်းရင့်ရော်စေခြင်းနှင့် မျက်စိတိမ်စွဲခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ဓာတ်တိုးခြင်းကို ဆန့်ကျင်သောသတ္တိ (Anti-oxidant Activity)ရှိသော ဗီတာမင်ဒီသည် အထက်ဖော်ပြပါ ရောဂါများ ဖြစ်ပွားမှုကို ကာကွယ်တားဆီးစေနိုင်ကြောင်း လူအများစုတွင် လေ့လာတွေ့ရှိချက်များအရ သိရပါသည်။ ယခုအခါ ပြုလုပ်နေဆဲဖြစ်သော သုတေသန တွေ့ရှိချက်များအရ အချို့သော ရောဂါများကို ကာကွယ်ကုသနိုင်ရုံသာမက အိုမင်းရင့်ရော်ခြင်းကိုလည်း တားဆီးနိုင်ကြောင်း တွေ့ရှိရပါသည်။ ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲရှိ ခုခံအားစနစ်ကို အားပေးခြင်းဖြင့် ရောဂါပိုး ဝင်ရောက်မှုကိုလည်းကောင်း၊ ရောင်ရမ်းခြင်းကိုလည်းကောင်း ကာကွယ်ပေးပါသည်။

ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲတွင် ဟော်မုန်းအသွင်ပြောင်းလဲ၍ ၎င်းသည် ပုံမှန်ဆဲလ်များ၏ ကြီးထွားမှုကို ထိန်းသိမ်းပေးပြီး ပုံမှန်မဟုတ်သောဆဲလ်များ ပွားများမှုကိုလည်း တားဆီးပေးသဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို ဟန့်တားပေးနိုင်ပါသည်။

ဗီတာမင်ဒီ နှင့် အဆီ

ခန္ဓာကိုယ်ထဲရှိ ဗီတာမင်ဒီ၏ ပမာဏသည် မိမိစားသုံးသော အဆီအမျိုးအစားအပေါ်တွင် မူတည်ပါသည်။ မပြည့်ဝဆီများ စားသုံးခြင်းဖြင့် ဗီတာမင်ဒီ ပါဝင်သော ပရိုတိန်းနည်းပါးစေပြီး ဗီတာမင်ဒီ ပမာဏကို နည်းပါးစေပါသည်။ ပြည့်ဝဆီ (ဥပမာ–ထောပတ်၊ ဒိန်ခဲ၊ စားအုန်းဆီ) တို့ကို စားသုံးခြင်းဖြင့် ဗီတာမင်ဒီ၏ ပမာဏကို များစေပါသည်။ ယခုအခါ အန္တရာယ်ကင်းသော မပြည့်ဝဆီများ ပိုမိုစားသုံးပြီး ပြည့်ဝဆီများနှင့် ပြောင်းလဲဆီ(Trans-fat)များစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ခြင်းကြောင့် ဗီတာမင်ဒီချို့တဲ့မှု ပိုမိုများပြားလာပါသည်။

ဗီတာမင်ဒီနှင့် ကယ်လ်ဆီယမ်

ကယ်လ်ဆီယမ်ဓာတ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်တစ်မျိုးဖြစ်ပါသည်။ ကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်များတွင် ကယ်လ်ဆီယမ်မပါ၍ မဖြစ်ပါ။ ကယ်လ်ဆီယမ်သည် အရိုးများ သန်မာစေရေးအတွက် အထူးအရေးပါကြောင်း လူအများ သိကြပြီးဖြစ်သည်။ သို့သော် ဗီတာမင်ဒီ လုံလောက်စွာ မရရှိပါက အူလမ်းကြောင်းမှ ကယ်လ်ဆီယမ်ဓာတ်ကို လုံလောက်စွာ စုပ်ယူနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ကယ်လ်ဆီယမ် သက်သက်သာမက ဗီတာမင်ဒီကြွယ်ဝသော အစာအာဟာရများကိုပါ စားသုံးရန် အထူးလိုအပ်ပါသည်။

ဗီတာမင်ဒီကို ခန္ဓာကိုယ်အတွက် အသုံးပြုရာတွင် အချို့သောဓာတ်သတ္တုများ အထူးသဖြင့် ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ်တို့သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ခန္ဓာကိုယ်ထဲတွင် ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ် လုံလောက်စွာ မရရှိပါက ဗီတာမင်ဒီသည် အရိုးထဲမှ ကယ်လ်ဆီယမ်ဓာတ်နှင့် အခြားသော ဓာတ်သတ္တုများကို ဆွဲယူလိုက်သည်။

ထို့ကြောင့် **ဗီတာမင်ဒီကို သောက်သုံးလျှင် ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ်ကဲ့သို့သော ဓာတ်သတ္တုများပါ ပေါင်းစပ်၍ သောက်သုံးသင့်ပါသည်။**

ဗီတာမင်ဒီနှင့် ကျန်းမာရေး

ဗီတာမင်ဒီသည် အထက်တွင်ဖော်ပြခဲ့သော အာနိသင်များကြောင့် **ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့်သွားဖုံးရောဂါဖြစ်ပွားမှုတို့ကို ကာကွယ်တားဆီးပေးသည်။** အချို့သောသုတေသနတွေ့ရှိချက်များအရ **ရင်သားကင်ဆာ၊ အဆုတ်၊ ဆီးကျိတ်၊ ဆီးအိမ်၊ အစာရေမြို့ပြွန်၊ အစာအိမ်၊ သားဥ၊ သားအိမ်၊ အစာဟောင်းအိမ်၊ ကျောက်ကပ်၊ ပြန်ရည်ကျိတ်ကင်ဆာ၊ သားအိမ်ခေါင်း၊ သည်းခြေအိတ်၊ ခံတွင်း၊ အသက်ရှူလမ်းကြောင်း၊ ပန်ကရိယ(မုန့်ချို အိတ်)၊ သွေးကင်ဆာ၊ အူမကြီးကင်ဆာဖြစ်ပွားခြင်းတို့မှာ ဗီတာမင်ဒီ နှင့် ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။** သို့ဖြစ်၍ **အထက်ပါရောဂါများနှင့် ကင်ဆာရောဂါများကို ကာကွယ်တားဆီးပေးသော ဗီတာမင်ဒီကို လူသားများ ကျန်းမာရေးတွင် ကောင်းစွာ အသုံးချသင့်သည်။**

ဗီတာမင်ဒီချို့တဲ့ပါက သွေးတိုး၊ အဝလွန်ရောဂါ၊ ဆီးချိုနှင့် နှလုံးသွေးကြောကျဉ်း ရောဂါများဖြစ်တတ်ပါသည်။ ဗီတာမင်ဒီ ပမာဏနည်းပါးပါက သွေးကြောများတွင် ကယ်လ်ဆီယမ်စုပုံခြင်း ဖြစ်ပွားပြီး သွေးကြောမာခြင်းနှင့် သွေးကြောကျဉ်းရောဂါတို့ ဖြစ်စေ ပါသည်။ ၎င်းမှတစ်ဆင့် နှလုံးသွေးကြော ရုတ်တရက် ပိတ်ဆို့ခြင်းနှင့် နှလုံးရပ်၍ ရုတ်တရက် သေဆုံးခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

အချို့သော သုတေသနတွေ့ရှိချက်များအရ အသက်အရွယ်ကြီးရင့်လာသူများသည် ဗီတာမင်ဒီစုပ်ယူခြင်း နည်းပါးသည့်အပြင် ၎င်းတို့အရေပြားမှာလည်း ဗီတာမင်ဒီ လုံလောက်စွာ မရရှိတော့ပါ။ သို့ဖြစ်၍ **အသက်ကြီးသူများသည် ဗီတာမင်ဒီနှင့် ကယ်လ်ဆီယမ်ကို မှန်မှန်ဖြည့်စွက် သောက်သုံးသင့်ပါသည်။ ထိုသို့ ဖြည့်စွက်သုံးစွဲခြင်းဖြင့် အရိုးပါးခြင်း၊ အရိုးဆတ်၍ ကျိုးခြင်းတို့ကို ကာကွယ်နိုင်ပါသည်။**

ဗီတာမင်ဒီ ချို့တဲ့လျှင်၊ နည်းပါးလျှင်

ဗီတာမင်ဒီ ချို့တဲ့လျှင် ကင်ဆာရောဂါများ၊ နှလုံးရောဂါ၊ သွေးတိုး၊ အဆစ်အမြစ်ရောဂါ၊ ဆီးချိုရောဂါ၊ သွားဖုံးရောဂါနှင့် Multiple Sclerosis ရောဂါတို့ ဖြစ်ပွားစေရန် အခွင့်အလမ်း ပိုများပါသည်။ နှလုံးရောဂါနှင့် ပတ်သက်၍ သုတေသနပြုလုပ်ချက်များအရ ဗီတာမင်ဒီသည် နှလုံးရောဂါ ဖြစ်ပွားစေသော C-reactive protein ကို နည်းပါးစေပြီး၊ သွေးပေါင်ချိန်ကိုလည်း ကျစေပါသည်။

သွေးတိုးရောဂါ သုတေသနတွေ့ရှိချက်အရ UV-B ရောင်ခြည်ထိတွေ့ခြင်းကို တစ်နေ့လျှင် မိနစ်အနည်းငယ်မျှနှင့် တစ်ပတ်ကို သုံးကြိမ်၊ ခြောက်ပတ်တိတိ ပြုလုပ်လျှင် သွေးပေါင်ကျဆင်းစေကြောင်း တွေ့ရှိရသည်။ ထို့အပြင် နေ့စဉ် ဗီတာမင်ဒီ ၁၆၀၀ IUနှင့် ကယ်လ်ဆီယမ် မီလီဂရမ် ၈၀၀ ကို ရှစ်ပတ် တိုက်ကျွေးလျှင် သွေးပေါင်ကျဆင်းစေကြောင်း တွေ့ရှိရပါသည်။

Multiple Sclerosis ရောဂါဖြစ်ပွားမှုကို သုတေသနပြုလုပ်ရာတွင် သူနာပြု ၁၈၇၅၆၃ဦးအား ဗီတာမင်ဒီ ၄၀၀ IU နေ့စဉ် တိုက်ကျွေး၍ စမ်းသပ်ခဲ့ရာ Multiple Sclerosis ရောဂါဖြစ်ပွားနှုန်း ၄၀ရာခိုင်နှုန်း ကျဆင်းကြောင်း တွေ့ရှိရပါသည်။

အဆစ်အမြစ်ရောင်ရောဂါ (Rheumatoid Arthritis) သုတေသနတွင် အသက် ၅၅ နှစ်မှ ၆၉နှစ် အကြား အမျိုးသမီး ၃၀၀၀၀ အား ၁၁နှစ်ကြာ လေ့လာရာတွင် ဗီတာမင်ဒီ သုံးစွဲသူများမှာ ရောဂါဖြစ်ပွားနှုန်း နည်းပါးကြောင်း တွေ့ရှိရပါသည်။ ဗီတာမင်ဒီကို ပုံမှန်သုံးစွဲပါက ဆီးချိုရောဂါ ဖြစ်ပွားမှုနည်းကြောင်းကိုလည်း တွေ့ရှိရပါသည်။ သွေးထဲတွင် ဗီတာမင်ဒီ ပမာဏများပြားသူများသည် နည်းပါးသူများထက် သွားဖုံးသွေးယိုမှု ၂၀ရာခိုင်နှုန်း လျော့နည်းကြောင်း လေ့လာတွေ့ရှိပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ) ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက သံလွင်တံတား(မော်လမြိုင်)အနီး မုတ္တမဘက်ကမ်း၌ တည်ဆောက်မည့် ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ) ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် အဆိုပါစက်ရုံ တည်ဆောက်မည့် မြေနေရာ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်၍ ပန္နက်တိုင်များ ရိုက်သွင်းပေးသည်။

အဆိုပါ ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့် မင်္ဂလာစည်တော်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေတို့သည် ပန္နက်တိုင်များကို ရိုက်သွင်းပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကွန်ကရစ် ဇလီဖားစက်ရုံ (မုတ္တမ)ပန္နက်တင်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပသည့် ကွန်ကရစ် ဇလီဖားစက်ရုံ (မုတ္တမ) မှ ထုတ်လုပ်သော ကွန်ကရစ် ဇလီဖားများကို နေပြည်တော်-ဒိုက်ဦး-စစ်တောင်း-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းပိုင်းတွင် အဆင့်မြှင့်တင်ရေးအတွက် သစ်သား ဇလီဖားတုံးများနေရာ၌ ကွန်ကရစ် ဇလီဖားတုံးများကို အစားထိုးအသုံးပြုနိုင်ရန် တည်ဆောက်သွားခြင်းဖြစ်ပြီး ယင်းဇလီဖားတုံးများကို အသုံးပြုပါက ရထားလမ်းပိုင်းများမှာ ယခင်ကထက် ပိုမိုကြံ့ခိုင်သွားမည့်အပြင် ရထားလမ်းဘေးတွင် အနီးကပ်စက်ရုံ တည်ဆောက်ခြင်းကြောင့် လမ်းပိုင်း အဆင့်မြှင့်ရာတွင် သယ်ယူပို့ဆောင်မှု စရိတ်သက်သာခြင်း၊ လမ်းပိုင်းအတွင်းသို့ အချိန်တိုတွင်း ရောက်ရှိအောင် ပို့နိုင်၍ အချိန်ကုန်သက်သာခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရှိရသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား မြန်မာ့မီးရထား မြို့ပြအင်ဂျင်ဌာနမှ အထွေထွေမန်နေဂျာ ဦးသီဟန်က တည်ဆောက်မည့် ကွန်ကရစ်ဇလီဖား စက်ရုံ(မုတ္တမ)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန္နက်တင်

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ) တည်ဆောက်မည့် မြေနေရာတွင် ပန္နက်တင်စဉ်။ (သတင်းစဉ်)

မော်လမြိုင်ကောလိပ် သတ္တဗေဒ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

မော်လမြိုင်ကောလိပ် သတ္တဗေဒ (၁၉၇၅-၇၉)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဧပြီ ၃၀ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဝါးတန်း ဗောတံတားအမှတ်(၁)(၂)ရှိ U CAN စားသောက်ဆိုင် (ယခင် ရေပေါ်ဟိုတယ်)၌ ကျင်းပမည်ဖြစ်၍ ဆရာ၊ ဆရာမများနှင့် ၁၉၇၅-၇၉ သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်မော် ဖုန်း-၀၁-၇၀၄၇၈၇၊ ၀၉-၅၀-၂၁၈၆၄၊ ဦးလှမြင့်-ဒေါ်တင်တင်ရှိန် ဖုန်း-၀၁-၆၈၀၅၈၉၊ ၀၉-၅၁-၂၅၃၈၄၊ ဦးမြင့်ဆွေ ဖုန်း-၀၅၂-၂၁၇၄၂၊ ၀၉-၅၃-၀၀၂၅၇၊ ဦးပြုံးချို ဖုန်း-၀၅၂-၂၂၀၈၁၊ ဒေါ်အေးအေးနွယ် (မလေး) ဖုန်း-၀၅၇-၂၅၁၄၇၊ ၀၉-၅၃-၂၂၁၀၄၊ ဒေါ်ဝင်းဝင်းငွေ ဖုန်း-၀၅၇-၂၅၀၁၃၊ ၀၉-၅၃-၂၀၈၉၆နှင့် ဦးအောင်ခင် ဖုန်း-၀၅၇-၂၃၀၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

ဘီးလင်း အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မွန်ပြည်နယ် ဘီးလင်းအထက်တန်းကျောင်း ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့) နံနက် ၈ နာရီတွင် ဘီးလင်း အထက ပညာ့အားမာန်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံယူကြရန်နှင့် ကုသိုလ်ပါဝင်လိုသူများ ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ မော်ကွန်းထိန်း ဦးအေးထွန်း ဖုန်း-၅၃၄၀၂၄၊ ဦးစံ ဖုန်း-၃၈၅၉၀၃၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၂၃၆၀၁ နှင့် ဦးမောင်မောင်(မြို့နယ်ပညာရေးမှူး) ဖုန်း-၀၅၇-၆၄၀၂၄၊ ဦးဆန်းအောင် ဖုန်း-၀၅၇-၆၄၀၀၆၊ ဦးသန်းအောင် ဖုန်း-၀၅၇-၆၄၀၇၈ နှင့် ဦးမြင့်ဦး ဖုန်း-၀၅၇-၆၄၀၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၅) ဖွင့်ပွဲကို ဧပြီ ၂၂ရက်က လှိုင်မြို့နယ် (၂) ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၁) ချယ်ရီ ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။

(က-ပ)

✻ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဗီတာမင် ဒီ များသွားလျှင်

ဗီတာမင် ဒီ ခန္ဓာကိုယ်ထဲတွင် များနေလျှင် နေရောင်ခြည်ထဲရှိ UV-B ရောင်ခြည်သည် ဗီတာမင် ဒီ ပြုလုပ်ခြင်းကို အလိုအလျောက် ရပ်တန့်စေမည်ဖြစ်သည်။ သို့သော် **ဗီတာမင် ဒီ သောက်သုံးမှုများသွားလျှင် ပျို့အန်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရေငတ်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ ဝမ်းချုပ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။** ဗီတာမင် ဒီ များလျှင် သွေးထဲတွင် ကယ်လ်ဆီယမ်များခြင်းကြောင့် စိတ်ရှုပ်ထွေးခြင်းနှင့် အမူအကျင့်ပြောင်းလဲခြင်းတို့ ဖြစ်နိုင်ပါသည်။

ယခုတိုးတက်ပြောင်းလဲလာသော ကမ္ဘာကြီးတွင် လူသားတို့သည် သဘာဝကပေးထားသောအရာများကို လျစ်လျူရှုကာ မိမိတို့၏ နေထိုင်မှုပုံစံကို ခေတ်မီကိရိယာများဖြင့် အစားထိုး၍ သက်သောင့်သက်သာ နေထိုင်တတ်ကြသည်။ သို့ဖြစ်၍ နေရောင်အထိမခံဘဲ နေ့စဉ် လေအေးပေးစက်များဖြင့် အခန်းတွင်းနေခြင်း၊ အဆီဓာတ်များပြားမှုကို ကြောက်၍ အဆီများ ရှောင်ကြဉ်စားသောက်ခြင်း၊ သဘာဝ ရေငန်ငါးများကို မစားသုံးဘဲ မွေးမြူရေးငါးများကိုသာ အမြဲစားသုံးခြင်း၊ နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းမလုပ်ခြင်းတို့သည် လူတို့ကျန်းမာရေးအတွက် အရေးကြီး လိုအပ်နေသော ဗီတာမင် ဒီ ရရှိမှုကို နည်းပါးစေပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် **လူတို့၏ အသက်အန္တရာယ်ကို ဖြစ်စေနိုင်သော ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့သော ရောဂါဆိုးကြီးများကို ကာကွယ်နိုင်ရုံသာမက လူကို နုပျိုရွှင်လန်းစေသော အာနိသင်ရှိသည့် ဗီတာမင် ဒီ ကို ကျွန်ုပ်တို့၏ ကမ္ဘာပေါ်ရှိ သဘာဝမှပေးထားသော နေရောင်ခြည်စွမ်းအင်နှင့် တိုက်ရိုက်ထိတွေ့စေခြင်းဖြင့် ရယူနိုင်ပါကြောင်း** အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

ကဆုန်လပြည့် (ဗုဒ္ဓနေ့) ရွှေတိဂုံစေတီတော်၌ သောက်ရေသန့်ဘူးများ ဒါနပြုမည်

၁၃၆၉ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဧပြီ ၃၀ရက်တွင် ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်း ငွေကျပ် ၂၂သိန်းဖိုးကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်ဖြစ်သည်။

ယခုအထိ သောက်ရေသန့်ဘူးပေါင်း ခုနစ်သိန်း သုံးသောင်း လှူဒါန်းခဲ့ပြီး သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန် သောက်ရေသန့်ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ငွေကျပ် တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆ နှင့် ဖုန်း-၃၈၃၅၁၁-လိုင်းခွဲ ၁၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

ယဉ်ကျေးလိမ္မာ စာရိတ္တပညာသင်တန်းဖွင့်လှစ်

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာ စာရိတ္တပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပ စေတီတော် မဟာမုနိဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ယဉ်ကျေးလိမ္မာ စာရိတ္တပညာစာအုပ်များကို ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြထံ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ ဧပြီ ၂၆ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း အဌမအကြိမ် ညီလာခံကျင်းပမည်

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း အဌမအကြိမ် ညီလာခံကို မေ ၁၁ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ညီလာခံသို့ မြို့နယ်အသင်းခွဲ ၃၀၀မှ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

အထူးအယူခံခုံရုံး အထူးအယူခံမှု စီရင်ချက်ချမှတ်

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ဧပြီ ၂၃ရက် နံနက် ၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်)၊ တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု နှစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာအထူးအယူခံမှု သုံးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် အသင်းရုံးအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၇နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ နယ်မြေ ယုဇနလမ်းနှင့် နွယ်သာဂီလမ်းထောင့် အမှတ်(၄-၁) မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းရုံး အဆောက်အအုံသစ်၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ ဒသမအကြိမ် အသင်းသား စုံညီနှစ်ပတ်လည် အစည်းအဝေးကို ဧပြီ ၂၈ရက် နံနက် ၁၀နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်၍ အသင်းသားများ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ရောက်ရှိကြပြီး ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ရေယာဉ်ပဲ့စင်မှ ရန်ကုန်မြစ်အတွင်း သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ရေယာဉ်ရှင်းလင်းခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆိပ်ကမ်းနှင့်မြစ်ကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံချောမွေ့ စိတ်ချရအောင် ဆောင်ရွက်နေမှုများ၊ သောင်တူးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သောင်တူးသောင်စုပ် ရေယာဉ်လေးစင်းနှင့် အခြားသောင်တူး ရေယာဉ်များဖြင့် ဆိပ်ကမ်းနှင့် မြစ်ကြောင်းများဖွံ့ဖြိုးမှု လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ပန်းဆိုးတန်းနန်းသီတာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဗိုလ်အောင်ကျော် အမှတ်(၃) ဆိပ်ခံတံတားသို့ ရောက်ရှိပြီး အိပ်စရေးစက်(X-Ray)ဖြင့် ကုန်သေတ္တာများအား စစ်ဆေးဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဆူးလေအမှတ်(၅) ဆိပ်ခံတံတား စဉ့်အိုးတန်း ဇောတံတားမှ ဝါးတန်းဇောတံတားအထိ ဆိပ်ကမ်းလမ်း တစ်လျှောက်နှင့် အလုံရှိ အေးရှားဝေါလ် ဆိပ်ကမ်းတံတားတို့၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆိပ်ကမ်းနှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများ လုံခြုံချောမွေ့ စိတ်ချရအောင် ဆောင်ရွက်နေသည်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဗိုလ်အောင်ကျော် အမှတ်(၃) ဆိပ်ခံတံတား၌ ကုန်သေတ္တာများအား X-Ray ဖြင့် စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ် မြို့နယ်များသို့ ရေတိုးချဲ့ဖြန့်ဝေပေးရန် ကွန်ကရစ်ပိုက်များဆက်သွယ်မှု မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်သို့ ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ် (ဒဂုံမြို့သစ်တံတား) ဝဲ/ယာ၌ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒဂုံမြို့သစ်မြို့နယ်များသို့ သောက်သုံးရေ တိုးချဲ့ဖြန့်ဝေနိုင်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်သို့ ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ် (ဒဂုံမြို့သစ်တံတား) ဝဲ/ယာနစ်ဖက်တွင် ၁၆ လက်မ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ ဆက်သွယ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အတူ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းသို့ ရောက်ရှိလာရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာ (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ရေပိုက်ဆက်သွယ်ရေးတာဝန်ခံ အင်ဂျင်နီယာဌာနခွဲမှူး ဦးလှထွန်းတို့က ခေမာသီလမ်း တစ်လျှောက်နှင့် ငမိုးရိပ်ချောင်းဖြတ် (ဒဂုံမြို့သစ်တံတား) ဝဲ/ယာ၌ ရေပိုက်များ ချထားဆောင်ရွက်မှုကို လိုက်လံရှင်းလင်းပြသသည်။

မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ၊ သံမဏိပိုက်များ ဆက်သွယ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန် မှာကြားသည်။

အထက်ပါ ပိုက်ဆက်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဒဂုံမြို့သစ် (တောင်ပိုင်းမြို့နယ်) စက်မှုဇုန် ၁၊ ၂၊ ၃ တို့တွင် ဇွန်လဆန်းတွင် ငမိုးရိပ်ရေပေးဝေရေးစခန်းမှ သောက်သုံးရေများ ရရှိမည်ဖြစ်သည်။

ထို့အပြင် မြောက်ဥက္ကလာပ အဝိုင်းနေရာမှ ဗိုလ်မှူးဗထူးလမ်းသို့ ရေပိုက်များ ဆက်သွယ်မည့်အတွက် ဗိုလ်ဗထူးလမ်းတစ်လျှောက် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ ၂၇၊ ၂၈၊ ၃၇၊ ၄၁၊ ၄၂၊ ၄၅၊ ၄၈၊ ၄၉ ရပ်ကွက်များနှင့် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် ပြည်ထောင်စုလမ်းတစ်လျှောက်ရှိ ပင်မရေပိုက်မကြီးချသည့် ရပ်ကွက်များသို့ ရေများပေးဝေနိုင်မည်ဖြစ်သည်။

ဆက်လက်၍လည်း ပင်မရေပိုက်လိုင်းကြီးနှင့်ဝေးသည့် ရပ်ကွက်များနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) များသို့ပါ ရေပေးဝေသွားနိုင်မည်ဖြစ်သည်။ (၁၉)

မော်လမြိုင်ကောလိပ် ဓာတုဗေဒ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မော်လမြိုင်ကောလိပ် ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၇၄–၇၈)၏ မိတ်ဆုံစားပွဲကို ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်း နန်းသီတာ အဆောက်အအုံရှိ ရွှေဘဲ စားတော်ဆက်၌ကျင်းပရန် စီစဉ်ထားသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒုတိယဗိုလ်မှူးကြီးဌေးလွင် ဖုန်း–၀၉–၅၀၂၀၂၅၈၊ ဦးဉာဏ်အောင် ဖုန်း–၀၁–၅၄၇၂၂၄၊ ဦးမောင်မောင်ချို ဖုန်း–၀၂–၆၅၅၆၈၊ ၀၉–၂၁၃၀၈၃၅၊ စင်းယုံ ဖုန်း– ၀၉–၅၁၇၁၂၆၀၊ ဦးညှပွမ် ဖုန်း– ၀၉–၅၁၇၇၂၆၂၊ ၀၁–၇၀၁၈၅၄၊ ဒေါ်မြင့်မြင့်ကြည် ဖုန်း–၀၁–၂၄၁၁၁၆၊ ၀၁–၃၈၇၇၉၇၊ ဦးကျော်ဟိုး ဖုန်း– ၀၉–၅၃၂၀၉၆၃ နှင့် ဒေါ်နုနုလွင် ဖုန်း– ၀၅၂–၂၂၀၁၇ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ကျပန်းစကားပြောပြိုင်ပွဲ လူရွေးချယ်

ရန်ကုန် ဧပြီ ၂၃

၂၀၀၇ ခုနှစ်တွင် ရဲတပ်ဖွဲ့ဝင်များ စည်းကမ်းလိုက်နာမှုကောင်းမွန်ပြီး ရဲတပ်ဖွဲ့အပေါ် ပြည်သူက ယုံကြည်ကိုးစားမှုများ တိုးတက်လာစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်သော ရဲတပ်ဖွဲ့ဝင်များဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ရဲတပ်ဖွဲ့၏ အခြေခံရဲစခန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ လူရွေးချယ်ပွဲကို ဧပြီ ၂၁ ရက်က ရဲတပ်ဖွဲ့စခန်းခမ္မာရုံတွင် ပြုလုပ်သည်။ **(အောက်ပုံ)**

တက်ရောက်

ရဲတပ်ဖွဲ့ဝင် ၃၅ ဦးတို့က ကျရာခေါင်းစဉ်ဖြင့် ကျပန်းစကားပြော ယှဉ်ပြိုင်ကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်း၊ စခန်းမှူး ရဲအုပ်လှသိန်းနှင့် တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (၃၂)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

➪ နေပြည်တော်–မော်လမြိုင်မှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့မီးရထား တိုင်းအမှတ်(၈)မှ တိုင်းမန်နေဂျာနှင့် ဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များမှ မြို့မိ မြို့ဖများနှင့် ခရီးသွားပြည်သူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းတို့က မော်လမြိုင်–နေပြည် တော် အမြန်ရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက မော်လမြိုင်မြို့များမှ နေပြည်တော်သို့ စတင်ပြေးဆွဲသည့် မော်လမြိုင်–နေပြည်တော် အမြန်ရထားစက်ခေါင်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မော်လမြိုင်–နေပြည်တော် အမြန်ရထားပေါ်သို့ တက်ရောက်ကြ၍ ရထားတွဲဆိုင်းများ၏ ကြံ့ခိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မော်လမြိုင်မှ နေပြည်တော်သို့ စတင်ပြေးဆွဲမည့်ခရီးစဉ်တွင် လိုက်ပါကြမည့်ရဟန်းရှင်လူ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် မော်လမြိုင်–နေပြည်တော် အမြန်ရထားသည် နံနက် ၇ နာရီတွင် မော်လမြိုင်ဘူတာမှ နေပြည်တော်သို့ စတင်ထွက်ခွာသွားရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဘူတာစင်္ကြံမှနေ၍ လက်ပြနှုတ်ဆက်ကြသည်။

အဆိုပါ မော်လမြိုင်–နေပြည်တော် အမြန်ရထားသည် နံနက် ၇နာရီတွင် မော်လမြိုင်ဘူတာမှ စတင်ထွက်ခွာ၍ နေပြည်တော်သို့ ည ၉နာရီ ၁၅မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

အလားတူ ရထားပို့ဆောင်ဝန်ကြီးဌာန မြန်မာ့မီးရထားက နေပြည်တော်–မော်လမြိုင်–အမြန်ရထား ခရီးစဉ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ပျဉ်းမနားဘူတာ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်တက်ရောက်၍ နေပြည်တော်–မော်လမြိုင် အမြန်ရထားဖြင့် လိုက်ပါစီးနင်းကြမည့် ရဟန်းရှင်လူခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အမြန်ရထား စတင်ပြေးဆွဲခြင်းအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကိုပေးအပ်ကာ အမြန်ရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အဆိုပါအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်ရှိ မြန်မာ့မီးရထားနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် ခရီးသွားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က နေပြည်တော်–မော်လမြိုင်–နေပြည်တော် အမြန်ရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့သည် နေပြည်တော်မှ မော်လမြိုင်သို့ စတင်ထွက်ခွာမည့် အမြန်ရထား စက်ခေါင်းအမှတ် RBE-3606 ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ ဒုတိယဝန်ကြီးသူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် နေပြည်တော်–မော်လမြိုင် အမြန်ရထားဖြင့် လိုက်ပါစီးနင်းကြမည့် ရဟန်းရှင်လူ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြပြီး အမြန်ရထား စတင်ပြေးဆွဲခြင်း အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်–မော်လမြိုင် အမြန်ရထားသည် နေပြည်တော်–မော်လမြိုင် ခရီးသည် ၁၀၄ဦး၊ နေပြည်တော်–ကျိုက်ထို ခရီးသည် ၅၇ဦးနှင့် အခြားဘူတာများသို့ ခရီးသည် ၃၀ စုစုပေါင်း နေပြည်တော်မှ လိုက်ပါစီးနင်းသည့် ခရီးသည် ၁၉၁ဦးတို့အား တင်ဆောင်ပြီး ပျဉ်းမနားဘူတာမှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများက နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်သည် ပျဉ်းမနားဘူတာ အမှတ် (၁)စင်္ကြံ၌ ဒီဂျစ်တယ် ဗွီနိုင်းဓာတ်ပုံဖြင့် မှတ်တမ်းတင်၍ ခင်းကျင်းပြသထားသော မြန်မာ့မီးရထားက ကိုယ်ပိုင် တည်ဆောက်ပြီးစီးခဲ့သည့် စက်ခေါင်းအမှတ်(DF,1200-01)၏ ဆက်စပ်အစိတ်အပိုင်း ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က လိုက်လံရှင်းလင်းပြသသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နေပြည်တော်နှင့် ဒေသအသီးသီးသို့ ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရန် နေပြည်တော်–ရန်ကုန်–နေပြည်တော် ခရီးစဉ်ကို ၂၀၀၅ခုနှစ် ဇူလိုင် ၁ရက်တွင် လည်းကောင်း၊ နေပြည်တော်–ပုဂံ–နေပြည်တော်ခရီးစဉ်ကို ၂၀၀၆ ခုနှစ် မေ ၁၈ရက်တွင် လည်းကောင်း၊ နေပြည်တော်–ပြည်–နေပြည်တော် ခရီးစဉ်ကို ၂၀၀၆ခုနှစ် မေ ၂၅ရက်တွင်လည်းကောင်း၊ နေပြည်တော်–မန္တလေး–နေပြည်တော် ခရီးစဉ်ကို ၂၀၀၆ ခုနှစ် ဇွန် ၇ ရက်တွင် လည်းကောင်း၊ နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ ခရီးစဉ်ကို ၂၀၀၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လည်းကောင်း အသီးသီးစတင်ပြေးဆွဲပေးခဲ့ပြီး နေပြည်တော်မှတစ်ဆင့် ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ဒေသခံပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရန် နေပြည်တော်–မော်လမြိုင်–နေပြည်တော် အမြန်ရထားခရီးစဉ်သစ်ကို ထပ်မံတိုးချဲ့ ပြေးဆွဲခြင်းဖြစ်သည်။ ယင်း နေပြည်တော်–မော်လမြိုင်–နေပြည်တော် အမြန်လူစီးရထားများအတွက် မြင်းကောင်ရေ ၁၈၀၊အင်ဂျင်နှစ်လုံးစီ တပ်ဆင်ထားသော (Diesel Motorized Unit)တွဲများကို ချိတ်ဆက်၍ အသုံးပြုကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နေပြည်တော်–မော်လမြိုင် အမြန်ရထားဖြင့်လိုက်ပါကြမည့် ခရီးသွား ပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ မော်လမြိုင်–နေပြည်တော် အမြန်ရထားဖြင့်လိုက်ပါသွားကြသည့် ခရီးသွားပြည်သူများအား ဘူတာစင်္ကြံမှ လက်ပြနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❍ နိုင်ငံခြားရေးဝန်ကြီးမှ

နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ တွေ့ဆုံ၍ မြန်မာ–ကမ္ဘောဒီးယား နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီး အကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Hul Phany တို့တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော်သို့ မလာရောက်မီ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၄

၂၀၀၇ ခုနှစ် ဧပြီ ၂၄ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အစ္စရေး နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မီးစ်ဇီဝီလစ်ဗ်နီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိ စာသင်တိုက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသက ဆရာတော်၏ ဇာတိဖြစ်သော မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် ရွှေတောင်ရွာ တွဲဖက်အလယ်တန်း ကျောင်းအတွက် ငွေကျပ် ၂၂ သိန်း လှူဒါန်းပွဲကို ဧပြီ ၂၁ ရက်က ၎င်းကျောင်းတွင်ကျင်းပရာ ဆရာတော်ကိုယ်စား မဟာဗောဓိပရိယတ္တိ သာသနပြုအသင်းဥက္ကဋ္ဌ ရွှေတောင်ကျေးရွာ ကျောင်းရန်ပုံငွေ ထိန်းသိမ်းရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးကျော်စိုးထံ ပေးအပ်လှူဒါန်းစဉ်။ (၆၃)

ရွှေသံလွင် အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အောက်ပုဇွန်တောင်လမ်း ရွှေဧည့်သည် ကားဂိတ်နေရာတွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းနှင့် အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ) တို့ကအထူးတရားပွဲ ကျင်းပ မည်ဖြစ်ရာ ဧပြီ ၂၅ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ဧပြီ ၂၆ရက်တွင် ပြည်တွင်း၊ ပြည်ပသာသနာပြု အောင်ဆန်းမိုးကုတ်ဆရာတော် အရှင်သဒ္ဓမ္မကိတ္တိသာရ၊ ဧပြီ ၂၇ရက်တွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြုချမ်းမြေ့ဆရာ တော်တို့က ညစဉ် ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၄–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ မဒေးရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for everyday Use.
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀ ၆။ **"အားဆေး" (မိုးဒီ၊ဇော်ထက်အောင်၊ ဆောင်အိမ်ငြွေထွန်း) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၅:၁၅ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
၅:၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင် ခြားသော်လည်း" (အပိုင်း–၁၃)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း–၄)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃–၄–၂၀၀၇

ဗန်းမော်
၁ ဒသမ ၆၉လက်မ
မြစ်ကြီးနား
၁ ဒသမ ၅၄လက်မ
ဟားခါး
၁ ဒသမ ၀၃လက်မ
ပူတာအို
၀ ဒသမ ၇၉လက်မ
မောင်တော
၀ ဒသမ ၄၇လက်မ

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာန၏ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဧပြီ ၂၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမတွင် ပြုလုပ်ရာ အရှေ့ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက စာအုပ်အလှူရှင် ကျောက်မြောင်းကြီးရပ်ကွက် အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်ချိုအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (၀၈)

ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းကို ပိုမိုနိုးကြားပြီး အထောက်အကူဖြစ် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အဘက်ဘက်က ကြိုးပမ်းသွားမည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်၊ မော်တော်ယာဉ်လိုင်းများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး၌ လူမှုအလွှာစုံ ထိတွေ့ရင်ဆိုင်နေရသည့် ကမ္ဘာလုံးဆိုင်ရာ အခက်အခဲတစ်ခုမှာ ယာဉ်တိုက်မှုအန္တရာယ်ပင် ဖြစ်ကြောင်း။

ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဆောင်ရွက်မည်ဆိုလျှင် လက်ရှိ ကမ္ဘာ့အသေအပျောက်၏ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် အဆင့်(၉)ကနေ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့်(၃) အထိ ရောက်ရှိသွားနိုင်ကြောင်း ပညာရှင်များက ဆိုထားကြောင်း၊ ကမ္ဘာ့ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကို တစ်နေ့တာ တွက်ချက်ကြည့်မည်ဆိုလျှင် နေ့စဉ်လူ ၃၃၀၀ခန့်၊ တစ်နာရီလူ ၁၄၀ခန့် သေဆုံးနေသည်ကို တွေ့ရကြောင်း၊ ဤမျှ နေ့စဉ်သေဆုံးနေသည်ကို လူအများအနေနှင့် ဂရုမမူမိကြသည်ကို တွေ့ရကြောင်း၊ လူသားအရင်းအမြစ်ဆုံးရှုံးမှု၊ ငွေအင်အား ဆုံးရှုံးမှုများ တစ်စတစ်စ တိုးပွားမှုကိုဟန့်တားနိုင်ရန် နည်းလမ်းများ၊ လူထုအလေးထားမှုများအတွက် အထူးအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် ၂၀၀၃ ခုနှစ်ကစပြီး ကမ္ဘာ့ကုလသမဂ္ဂမှာ **“ကမ္ဘာ့လမ်းအန္တရာယ် ကင်းရှင်းမှု တိုးတက်ကောင်းမွန်ရေး”** (Improving Global Road Safety) ခေါင်းစဉ်နှင့် ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်များ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပြီး ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization-WHO) နှင့် ကုလသမဂ္ဂဒေသဆိုင်ရာ ကော်မရှင်များ (United Nations Regional Commissions) ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ကမ္ဘာ့ကုလသမဂ္ဂက တိုက်တွန်းထားသည်ကို တွေ့ရှိရကြောင်း။

တစ်ပြိုင်နက်ဆောင်ရွက်

၂၀၀၅ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ (၃၈)ကြိမ်မြောက် စုံညီအစည်းအဝေးတွင် အဆိုပါ **“ကမ္ဘာ့လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်ကောင်းမွန်လာစေရေး”** ခေါင်းစဉ်နှင့် ဆုံးဖြတ်ချက်အမှတ် (၆၀/၅)ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယင်းဆုံးဖြတ်ချက်မှာ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတို့ ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များအနက် **“ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်”** လှုပ်ရှားမှုများကို ကမ္ဘာ့လှုပ်ရှားမှုအဖြစ် ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၃ ရက်မှ ၂၉ ရက်ထိ ကျင်းပရန်အတွက် ပါဝင်ရာ နိုင်ငံအသီးသီးတွင် ကျင်းပရန် ဖိတ်ခေါ်တိုက်တွန်းထားကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း **“ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု”**မှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန်အတွက် ၂၀၀၇ ခုနှစ်မှစ၍ လိုအပ်သည့် ကော်မတီများဖွဲ့စည်းပြီး ကြိုတင်ဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ အထူးသဖြင့် အခြေခံပညာကျောင်းများမှာ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ပတ်သက်သည့် စာစီစာကုံး၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများ ဆောင်ရွက်ခဲ့ပြီး ယနေ့အစီအစဉ်မှာ ဆုရရှိသူများကို ဆုချီးမြှင့်သွားမှာဖြစ်ကြောင်း၊ ရက်သတ္တပတ်လှုပ်ရှားမှုများအဖြစ် ရန်ကုန်မြို့တော်အတွင်း လမ်းများ အဆင့်မြှင့်တင်မှုများဆောင်ရွက်ခြင်း၊ လှုပ်ရှားမှုပိုစတာများ စိုက်ထူခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း သရုပ်ပြအခမ်းအနားကျင်းပခြင်း၊ လမ်းအသုံးပြုသူများ စနစ်တကျ သွားလာကြစေရန် အချက်အချာကျသည့် လူကူးမီးပွိုင့်များတွင် ယာဉ်ထိန်းရဲ၊ နယ်မြေရဲနှင့် NGO များ ပူးပေါင်းအသိပညာပေး ဆောင်ရွက်ခြင်း၊ ခရီးသည်တင်ယာဉ်လိုင်းများ၏ ဂိတ်နေရာများတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသွားလုပ်သားပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ယာဉ်လိုင်း တာဝန်ရှိသူများ NGO များနှင့် ပူးပေါင်းပြီး ယာဉ်ရပ်မှတ်တိုင်များမှာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသွားပြည်သူများအား အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ရက်သတ္တပတ်အတွင်း ပြုလုပ်သွားမှာ ဖြစ်ကြောင်း၊ ထို့အပြင် လှုပ်ရှားမှုအစီအစဉ်များကို မန္တလေး၊ လားရှိုး၊ တောင်ကြီး၊ ပဲခူး စသည့် မြို့ကြီးများမှာလည်း တစ်ပြိုင်နက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အနေနှင့် ၁၉၈၉ ခုနှစ်က စပြီး **ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**ကို ဖွဲ့စည်းခဲ့ပြီး ပညာပေးလုပ်ငန်းများ၊ စစ်ဆေးအရေးယူခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယာဉ်မတော်တဆမှုများကို ထိန်းသိမ်းနိုင်သည့် အခြေအနေတွင်ရှိကြောင်း တွေ့ရှိရကြောင်း။

၂၀၀၄ ခုနှစ်မှာ အာဆီယံနိုင်ငံများ၏ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက်ကို အာရှဖွံ့ဖြိုးရေးဘဏ် အစီအစဉ်နှင့် ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းအစီအစဉ်များကို ရေးဆွဲနိုင်ခဲ့ပါကြောင်း။

ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုသည် မိမိတို့ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းကို ပိုမိုနိုးကြားလာစေပြီး အထောက်အကူဖြစ်စေလျက် ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် အဘက်ဘက်က ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr. Charles Petrie က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုများချီးမြှင့်

ထို့နောက် UNDP ဌာနေကိုယ်စားလှယ်က စာစီစာကုံး နှစ်သိမ့်ဆုရရှိသူ မယွန်းလဲ့ခင်နှင့် မအိမြတ်မွန်တို့အား လည်းကောင်း၊ WHO ဌာနေကိုယ်စားလှယ်က ပန်းချီနှစ်သိမ့်ဆုရရှိသူ မဖြိုးဖြိုးမြတ်သူနှင့် မသိမ့်သဥ္ဇာလှိုင်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက ပိုစတာနှစ်သိမ့်ဆုရ မောင်ပိုင်ဟိန်းထွန်းနှင့် မသိမ့်သဥ္ဇာညွန့်တို့အား ဆုများ ချီးမြှင့်သည်။

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက စာစီစာကုံး တတိယဆုရ မအိသဉ္ဇာကြည်၊ ဒုတိယဆုရ မသက်ဆွေဇင်နှင့် ပထမဆုရ မဆွေဇင်စိုးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပန်းချီပြိုင်ပွဲ တတိယဆုရ မဖူးသဉ္ဇာနိုင်၊ ဒုတိယဆုရ မဆုထိပ်ထားနှင့် ပထမဆုရ မခိုင်မေသူတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ပိုစတာပြိုင်ပွဲ တတိယဆုရ မောင်စည်သူအောင်၊ ဒုတိယဆုရ မဝိုင်းစန္ဒီထွန်းနှင့် ပထမဆုရ မစုလှိုင်ထွန်းတို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဌာနဆိုင်ရာပြကွက်များ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဂါရဝပြုပေးအပ်

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များအား ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက အထိမ်းအမှတ် လက်ဆောင်များအား ဂါရဝပြုပေးအပ်သည်။

အခမ်းအနားမစတင်မီ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်-အင်းစိန်လမ်း၊ ပါရမီလမ်းနှင့် ရွာမ ကျောင်းလမ်းကြားရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကုန်ကျခံ ဆောင်ရွက်ပေးသည့် အရှည်ပေ ၈၅၀၀၊ အကျယ် ၆၆ ပေရှိ ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်လမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဧည့်သည်တော်များ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု ပန်းချီပိုစတာများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ထပ်ဆင့်ချီးကျူးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၃

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ် (၁၁)ရပ်ကွက် သာသနဟိတ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (ဓမ္မာစရိယ B.A)အား လှိုင်သာယာမြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ဦးဆောင်၍ မြို့နယ်ရပ်ကွက် ပေါင်းစုံ တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာသင်တိုက်၌ ကျင်းပမည် ဖြစ်သည်။

ပူဇော်ပွဲအကြိုဓမ္မသဘင်ကို ဧပြီ ၂၆ ရက်တွင် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ (မော်လမြိုင်)၊ ၂၇ ရက်တွင် ဘဒ္ဒန္တ သာဂရဉာဏာဘိဝံသ (ကမ္ဘာအေး ဆရာတော်)၊ ၂၈ ရက်တွင် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ (ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဆရာတော်)တို့က ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဆက်သွယ် လှူဒါန်းလိုသူများသည် ကျင်းပရေးကော်မတီ ဖုန်း-၂၄၇၁၇၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဧပြီ ၂၃

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတရေ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် ဧပြီ ၂၄ ရက်တွင် ပဲခူးတိုင်း ဖြူးမြို့ OK ကားဂိတ် မိသားစု အလှူတော် မင်္ဂလာ ဓမ္မသဘင်၊ ၂၇ ရက်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅) ရပ်ကွက် ကြံခင်း ကျောင်းတိုက်ဓမ္မသဘင်၊ ၂၉ ရက်တွင် မကွေးတိုင်း ပခန်းကြီးမြို့ ဓမ္မသဘင်နှင့် မေ ၄ ရက်နှင့် ၅ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲ ပင့်လျှောက်လိုသူများ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အမှတ်(၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ (၁၈၁)တို့သို့ ဆက်သွယ် ပင့်လျှောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ပဌနိကာယသာသနာ့ဗိမာန်ကျောင်း သာသနာ့အာဇာနည် အရှင်မြတ်များနှင့် စာအောင်သံဃာများဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် (ပြည်)ဆရာတော် ဘဒ္ဒန္တကောသလ္လ သီတင်းသုံးခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ ဆရာတော် ဦးဆောင်တော်မူလျက်ရှိသော ပဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်မှ ယခုနှစ် တိပိဋကဓရစာမေးပွဲတွင် ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်းကို အာဂုံဂုဏ်ထူးဖြင့်အောင်မြင်သဖြင့် ဝိသိဋ္ဌဉဘတော ဝိဘင်္ဂဓရဘွဲ့ရရှိတော်မူကြသော အရှင်နန္ဒိယ၊ အရှင်စက္ကိန္ဒ သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးနှင့် ပဌနိကာယ သာသနနုဂ္ဂဟအသင်း စာမေးပွဲကြီး၌ ဓမ္မာစရိယတန်း(ကျမ်းစွဲ/ကျမ်းပြီး) အသီးသီးအောင် ၁၇ ပါး၊ ပထမကြီးတန်းအောင် ကိုးပါး၊ ပထမလတ်တန်းအောင် ၁၁ ပါး၊ ပထမငယ်တန်းအောင် ကိုးပါးတို့အား ဂုဏ်ပြုချီးမြှင့်ပူဇော်ပွဲကို ဧပြီ ၃၀ ရက် (ကဆုန်လပြည့်နေ့) နံနက် ၈နာရီတွင် ရန်ကင်း ပဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်၍ ဂုဏ်ပြုချီးမြှင့်ပူဇော်ရန်အလှူငွေများကို ကျောင်းတိုက်အတွင်းရှိ ပူဇော်ပွဲကျင်းပရေး အကျိုးဆောင်များထံသို့လည်းကောင်း၊ ဖုန်းအမှတ်-၅၆၄၄၅၅၊ ၅၆၄၄၅၆ သို့လည်းကောင်း ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ကြွရောက်ကြည်ညိုပူဇော်ကုသိုလ်ယူကြရန် ပဌနိကာယသာသနနုဂ္ဂဟအဖွဲ့ အကျိုးဆောင်များက နှိုးဆော်ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

အင်တာနက် နည်းပညာသတင်း

ခိုများကို ခြောက်လှန့်မောင်းထုတ်မည့် သိမ်းငှက်စက်ရုပ် တီထွင်ထားပြီ

လန်ဒန် ဧပြီ ၂၃

အင်္ဂလန် အနောက်မြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ကြီး တစ်မြို့ဖြစ်သော လီဗာပူးမြို့တွင် ဘေးမဲ့ပေးထားသည့် ခိုသတ္တဝါများကောင်ရေ အလွန်အမင်း တိုးပွားလာခြင်းကြောင့် ခိုချေးများ ပျံ့နှံ့နေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်ရကြောင်း၊ ယခုအခါ လီဗာပူးမြို့လယ်ရှိ ခိုများကို မောင်းထုတ်နိုင်ရန် သိပ္ပံပညာရှင်များက သိမ်းငှက်စက်ရုပ်ကို တီထွင်ထားပြီးဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လီဗာပူးမြို့လယ်တွင် နေထိုင်သောခိုများသည် လူတို့ကျွေးမွေးသော ဟမ်ဘာဂါ၊ အာလူးကြော် စသည့် အစားအစာများကို စားသုံးလျက် အညစ်အကြေးများ စွန့်ပစ်နေကြောင်း၊ လာမည့်နှစ်တွင် ဥရောပယဉ်ကျေးမှု မြို့တော်အဖြစ် လီဗာပူးမြို့ကို သတ်မှတ်မည်ဖြစ်ရာ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့လယ်ရှိခိုများကို မောင်းထုတ်ရန် လိုအပ်လာကြောင်း မြို့အုပ်ချုပ် ရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဆာရာလန်းဝါသီက ပြောကြားသည်။

သိပ္ပံပညာရှင်များသည် ခိုများကို မောင်းထုတ်ပေးမည့် သိမ်းငှက်စက်ရုပ် ၁၀ ခုအထိ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ သိမ်းငှက်စက်ရုပ် နှစ်ခု ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ သိမ်းငှက်စက်ရုပ်တစ်ခုလျှင် ထုတ်လုပ်မှုစရိတ် ပေါင်ငွေ ၂၀၀၀ ခန့် (ဒေါ်လာ ၄၀၀၀)ရှိကြောင်း၊ ၎င်းစက်ရုပ်များက ခိုများကို ခြောက်လှန့်ကာ မောင်းထုတ်ပေးနိုင်မည်ဖြစ်ကြောင်း လန်းဝါသီက ပြောကြားသည်။

လီဗာပူးမြို့တွင် ခိုများနှင့် ပတ်သက်နေသည့် အမှိုက်သရိုက် အညစ်အကြေးများကို သုတ်သင်ရှင်းလင်းနိုင်ရန် တစ်ရက်လျှင် သန့်ရှင်းရေးလုပ်သားများ၏ စုစုပေါင်းအလုပ်ချိန် ၈၈ နာရီအထိ အသုံးပြုရကြောင်း၊ ခိုချေးများကို သုတ်သင်ရှင်းလင်းရန် တစ်နှစ်လျှင် ပေါင်ငွေ ၁၆၀၀၀၀ (ဒေါ်လာ ၃၂၀၀၀၀) အထိ ကျခံသုံးစွဲနေရကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်**

လီဗာပူးမြို့လယ်ရှိခိုများကို မောင်းထုတ်နိုင်ရန် သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော သိမ်းငှက်စက်ရုပ်ကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် အားကစားသတင်းများ

မန်ယူအသင်းမှ စီရော်နယ်လ်ဒို ဆုနှစ်ထပ်ကွမ်းရရှိ

လန်ဒန် ဧပြီ ၂၃

မန်ချက်စတာယူနိုက်တက်အသင်းမှ စီရော်နယ်လ်ဒိုသည် ဆုကြေးစားဘောလုံးသမားများအသင်း (ပီအက်ဖ်အေ)၏ နှစ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကိုရော နှစ်အလိုက် အကောင်းဆုံးလူငယ်ဘောလုံးသမားဆုကိုပါ ဆွတ်ခူးနိုင်သည့် ဘောလုံးသမားဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၂၂)နှစ်ရှိ စီရော်နယ်လ်ဒိုသည် ဘောလုံးသမိုင်းတွင် အဆိုပါဆုနှစ်မျိုးစလုံးကိုရရှိသည့် ဒုတိယမြောက်ဘောလုံးသမားဖြစ်သည်။ အက်စ်တန်ဗီလာအသင်း၏ တိုက်စစ်မှူး အင်ဒီဂရေးသည် ၁၉၇၇ ခုနှစ်တွင် ယင်းဆုနှစ်မျိုးစလုံးကိုရရှိသည့် ပထမဆုံးပုဂ္ဂိုလ်ဖြစ်သည်။

နှစ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပီအက်ဖ်အေအဖွဲ့ဝင် ၄၀၀၀ က မဲပေးရွေးချယ်ရာတွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီယာဒရော့ဘာက ဒုတိယရရှိပြီး ရော်နယ်ဒို၏အသင်းဖော် ပေါလ်စခိုးလ်က တတိယရရှိသည်။ **အင်တာနက်**

ဧပြီ ၂၃ ရက်က ချန်ပီယံလိဂ်ဘောလုံး ပြိုင်ပွဲအတွက် လေ့ကျင့်ကစား နေသူ စီရော်နယ်ဒို အားကာရင်တန် လေ့ကျင့်ရေး ကွင်းတွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရက်သတ္တတစ်ပတ်အတွင်း အိုဝင်ဘောလုံးကစားမည်

နယူးကာဆယ် (အင်္ဂလန်) ဧပြီ ၂၃



အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ရက်သတ္တတစ်ပတ်အတွင်း ဘောလုံးပြန်လည် ကစားမည်ဖြစ်ကြောင်း ၎င်း၏နည်းပြ ဂလင်းရိုဒါက ယနေ့ပြောကြားသည်။

အသက် (၂၇) နှစ်အရွယ်ရှိ မိုက်ကယ်အိုဝင်သည် ဧပြီ ၃၀ ရက်တွင် ကျင်းပမည့် နယူးကာဆယ်နှင့် ရီးဒင်းအသင်းတို့၏ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း ရိုဒါက ပြောကြားသည်။

အိုဝင်သည် ပြီးခဲ့သည့်နွေရာသီက ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဒူးခေါင်းအရွတ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ၁၀ လကြာမျှ ဘောလုံးကစားနိုင်ခြင်းမရှိခဲ့ပေ။

တိုက်စစ်မှူး အိုဝင်သည် နယူးကာဆယ်အသင်း၏ဘောလုံးသမားတစ်ဦးဖြစ်ပြီး လီဗာပူးနှင့် ရီးယဲလ်မဒရစ်အသင်းတို့တွင်လည်း ပါဝင်ကစားခဲ့သူဖြစ်သည်။ အိုဝင်သည် ဘောလုံးကလပ်အသင်းများတွင်ရော နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင်ပါ အောင်မြင်မှုရရှိခဲ့သည်။ **အင်တာနက်**

မန်ယူ နောက်ခံလူ ဗီဒစ် ဘောလုံးပြန်လည်လေ့ကျင့်

လန်ဒန် ဧပြီ ၂၃

မန်ချက်စတာ ယူနိုက်တက်အသင်းနောက်ခံလူနီမန်ဂျာဗီဒစ်သည် လွန်ခဲ့သည့် သီတင်းပတ်သုံးပတ်က ညှပ်ရိုးကျိုးသည့်ဒဏ်ကို ခံစားခဲ့ရပြီးနောက် ဘောလုံး ပြန်လည်လေ့ကျင့်နေပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗီဒစ်သည် လက်ရှိဘောလုံးရာသီတွင် ဘောလုံး ဆက်လက်ကစားနိုင်တော့မည် မဟုတ်ဟု အစောပိုင်းတွင် ထင်မှတ်ခဲ့ကြသည်။ သို့ရာတွင် နာလန်ထူမှု တိုးတက်လာခဲ့သည်။

ဗီဒစ်သည် ကာရင်တန်လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သော်လည်း ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားမည် မဟုတ်ကြောင်း မန်နေဂျာ ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားသည်။ **အင်တာနက်**

ဒိုင်လူကြီးများ ဘက်လိုက်သည်ဟု ချယ်လ်ဆီးမန်နေဂျာဝေဖန်

လန်ဒန် ဧပြီ ၂၃

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖလားကို တတိယအကြိမ် ဆွတ်ခူးရရှိအောင် မိမိ၏အသင်း ကြိုးပမ်းအားထုတ်နေမှုများ ပျက်ပြားစေရန် ဒိုင်လူကြီးများဘက်လိုက်မှုရှိသည်ဟု မိမိထင်မြင်ယူဆကြောင်း ချယ်လ်ဆီးအသင်း မန်နေဂျာ ဟိုဆေးမော်ရင်ဟိုက ယနေ့ ဝေဖန်ပြောကြားလိုက်သည်။

ဧပြီ ၂၂ ရက်က ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် နယူးကာဆယ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့ပြီးနောက် မော်ရင်ဟိုက ယင်းသို့ ဝေဖန်ပြောကြားခြင်းဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘက်လိုက်သည့် ဒိုင်လူကြီး အဆုံးအဖြတ်များကို တွေ့ရကြောင်း၊ မိမိတို့အသင်းအားနည်းစေရန် ပြစ်ဒဏ်ဘောအဆုံးအဖြတ်များ မရိုးသားကြောင်း၊ ယင်းမှာ မန်ချက်စတာယူနိုက်တက်အသင်း အသာစီးရရှိစေရန် ကြံစည်ခြင်းသာဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

နယူးကာဆယ်နှင့် ဂိုးမရှိသရေကျသည့်ပွဲတွင် ချယ်လ်ဆီးအသင်း ပြစ်ဒဏ်ဘော နှစ်ကြိမ်ရသင့်ကြောင်း၊ သို့ရာတွင် ဒိုင်လူကြီး မာ့ခ်ဟာဆေး ဘက်လိုက်ခဲ့ကြောင်း၊ အိုးထရက်ဖို့ဒ်ကွင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သောပွဲတွင်လည်း ဂျွန်အိုရိုးယားကြောင့် မစ်ဒယ် ဘာရော့အသင်းမှ လီဒေါင်ဂွတ် လဲကျခဲ့သော်လည်း ဒိုင်လူကြီး ပီတာဝေါလ်တန်က ပြစ်ဒဏ်မပေးခဲ့ခြင်းမှာ မရိုးသားကြောင်း မော်ရင်ဟိုက ပြောကြားသည်။ **အင်တာနက်**

ဧပြီ ၂၂ ရက်က စိန့်ဂျိမ်းပါ့ခ်ကွင်းတွင် နယူးကာဆယ်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ချယ်လ်ဆီးအသင်း မန်နေဂျာ မော်ရင်ဟိုအားတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၅၅၇၁၇ တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မီးလောင်မှုသတင်း

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဓနသိဒ္ဓိလမ်း၌ ဧပြီ ၁၅ရက် ညနေ ၅ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူခြောက်ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူနှစ်ဦး ဓာတ်လိုက်ခံရသဖြင့် ဆေးရုံတင်ပို့ခဲ့ရသည်။

စစ်ကိုင်းတိုင်း မြင်းမူမြို့ ခွက်ခွင်းကျေးရွာအုပ်စု၌ ဧပြီ ၁၇ ရက် ညနေ ၃ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုရှစ်စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် အင်းမကျေးရွာအုပ်စု သာဝတ္ထိကျေးရွာ၌ ဧပြီ ၁၈ရက် ည ၈ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ခုနစ်စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တတိယအကြိမ် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ ကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို အထက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D. Litt) Ph.D	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၁)ရက် ကြာသပတေးနေ့(၂၆-၄-၂၀၀၇)
သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက၊ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၂)ရက် သောကြာနေ့ (၂၇-၄-၂၀၀၇)
(ကျောက်တစ်လုံး တောရဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၃)ရက် စနေနေ့ (၂၈-၄-၂၀၀၇)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၉ခု၊ ကဆုန်လဆန်း(၁၁)ရက်မှ (၁၃)ရက်အထိ၊ ၂၀၀၇ခုနှစ်၊ ဧပြီ(၂၆)ရက်မှ (၂၈)ရက်အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်၊ နားသ ၆၂၃ ပါးအား သာသနာ့ဘောင်သို့သွတ်သွင်းခြင်း အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ဆုထူးပန်ဆရာတော်ကြီး သလ္လာအရှင်ပဏ္ဍိတအားအမှူးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းနေ အလှူဒါယကာ ဦးရဲအောင်-အလှူဒါယိကာမ ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီလီမိတက်) မိသားစုတို့က နိုင်ငံတော်ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆုထူးပန်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သလ္လာအရှင်ပဏ္ဍိတ၊ တပ်ကုန်းမြို့ မဟာသီဟနာဒ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးအာစိန္နနှင့် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဦးသုစိတ္တတို့အား သိက္ခာထပ်မင်္ဂလာ၊ ဒုလ္လဘ ရဟန်းလောင်းအပါး ၁၅၀တို့အား ရဟန်းအဖြစ်ခံယူခြင်းမင်္ဂလာနှင့် ဆုထူးပန်ကန်တော်မင်္ဂလာ ပရဟိတ(မိဘမဲ့/ဆင်းရဲနွမ်းပါး) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ တိုင်းရင်းသားကလေးငယ် ၄၀၀တို့အား သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ၊ ကျောင်းသူ ၇၀ တို့အား သီလရှင်အဖြစ် သွတ်သွင်းခြင်းနှင့် ရင်သွေးငယ် သုံးဦးတို့အား နားသခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၂၆ရက်၊ ၂၇ရက်နှင့် ၂၈ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ဧပြီ ၂၆ရက် နံနက် ၆နာရီမှ စတင်၍ ဒုလ္လဘ ရဟန်းလောင်းများ၊ ရှင်လောင်းများ၊ သီလရှင်လောင်းများအား ဘိသိက်မင်္ဂလာကျင်းပပြီး ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်များသို့ ရှင်လောင်းလှည့်လည်မည်ဖြစ်ပြီး ဧပြီ ၂၇ရက် နံနက် ၉နာရီတွင် တာမွေမြို့နယ် ဖိုးစိန်လမ်း ဆုထူးပန်ပရိယတ္တိ(ရွှေကျင်)ကျောင်း၌ သံဃာတော်အရှင်သူမြတ်များအား သိမ်ဆင်းလောင်းလှူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀ အဖွဲ့(အင်းစိန်)မှ ကြီးမှူးကျင်းပသည့် အဋ္ဌမအကြိမ် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲမှ ရဟန်း ခုနစ်ပါး၊ သာမဏေ လေးပါး၊ သီလရှင် ၁၆ပါး သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကို ဝါခင်းတောင်ကျောင်းတိုက်၌ ကျင်းပရာ ဧပြီ ၁၁ရက် ညနေပိုင်းက အင်းစိန် တောင်သူကုန်းရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကျောင်းတိုက်ပဓာနနာယက၊ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တစန္ဒောဘာသ(ဓမ္မာစရိယ)က ရဟန်းလောင်းများ၊ သာမဏေများ၊ သီလရှင်များအား ဩဝါဒချီးမြှင့်စဉ်။ (၆၁)

ဟောကြားချီးမြှင့်

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင် စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီ ဝိပဿနာ ကျောင်းတိုက်ကြီး၌ သတ္တဋ္ဌာနဗုဒ္ဓါနုဿတိ ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကြီးနှင့် သတ္တဋ္ဌာန ဗုဒ္ဓ ခုနစ်ဆူ ဘုရားရှင်များအား ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲကို ဧပြီ ၂၁ရက်က ယင်းကျောင်းတိုက် အောင်ဓမ္မာရုံကြီး၌ ကျင်းပရာ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တ သုမင်္ဂလ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာသဘ အရှင်သူမြတ်က အဓိဋ္ဌာန်တရားတော်များ ဟောကြားချီးမြှင့်စဉ်။ (၅၀၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ (ယနေ့အစီအစဉ်)
၇း၀၅	မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ့တရားတော် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၇း၄၅	ကလောမှာထင်ရှား ရွှေဥမင်ဘုရား
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	Sunday Talk
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မျက်စိအတွင်းတိမ်ရေတိမ်ရောဂါ အကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၉း၃၅	Music Gallery (စည်းတစ်ဖက်ခြားRဇာနည်)
၉း၅၅	သစ်ရွက်ဆွေး သဘာဝဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	ပတ္တလားနှင့်နစ္စဂီတတေးပဒ္ဓင
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	JOSEPH HAYDAN ၏ (၂၇၅)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်ဖျော်ဖြေပွဲ (National Symphony of Orchestra)
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၁း၃၀	မိုးလေဝသခန့်မှန်းချက်
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ကမ္ဘာမြေကို ကာကွယ်ဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့ (အပိုင်း-၁)
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 **အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** UHF **တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Man Utd-AC Milan	5-Sports(Live)

၁၉၆၉ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ၁၉၆၉ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများသည် ဦးမြင့်အုန်း ဖုန်း-၀၆၇-၄၁၄၅၉၃၊ ဦးတင်အောင်-ဖုန်း၀၉-၅၀၁၂၁၄၁၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၅၇၆၄၉၊ ဒေါ်စိုးမြင့် ဖုန်း-၀၁-၅၆၃၂၈၃၊ ဒေါ်ရီရီသန်း ဖုန်း-၀၁-၅၅၂၇၃၃၊ ဒေါ်တင်အေးကျော် ဖုန်း- ၀၉-၅၁၅၉၁၂၄၊ ဒေါ်မြမြဟိန်း ဖုန်း-၀၁-၂၄၃၃၆၃ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဇွန်တောင်မြို့နယ် (၂၄)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၂ရက်က မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးဗြဟ္မသီရိကြွရောက်ပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းအောင်ကြည်တက်ရောက်ကြောင်း သိရသည်။ (က-ပ)

အမွှေးနံ့သာရည် ပက်ဖျန်း

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နေပြည်တော် – မော်လမြိုင်– နေပြည်တော် အမြန်ရထားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၄

၂၀၀၇ ခုနှစ် ဧပြီ ၂၄ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီဟွတ်အိုလ်မတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့ မော်လမြိုင်–နေပြည်တော် စတင်ပြေးဆွဲမည့်ခရီးစဉ်တွင် လိုက်ပါကြမည့်ခရီးသည်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်–မော်လမြိုင်–နေပြည်တော် အမြန်ရထားခရီးစဉ်သစ် စတင်ပြေးဆွဲခြင်းအခမ်းအနားကျင်းပ ဒိုက်ဦး–ဆတ်သွားကုန်း ရထားလမ်းသစ်ကို အသုံးပြုပြေးဆွဲမည်ဖြစ်ရာ ယခင်လမ်းကြောင်းထက် ၃၈ မိုင်လျော့နည်း

နေပြည်တော်–မော်လမြိုင်–နေပြည်တော် ခရီးစဉ်တွင် လမ်းခရီးဘူတာများဖြစ်သည့် တောင်ငူ၊ ဒိုက်ဦး၊ အိမ်ခြေလေးဆယ်၊ ပလစ်၊ မင်္ဂလွန်၊ မြစ်ကျိုး၊ ဖက္ကလိပ်၊ ဆတ်သွားကုန်း၊ ကျိုက်ထို၊ သထုံနှင့် ပေါင်ဘူတာတို့၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ပထမတန်းလက်မှတ်များကို သုံးရက် ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုတင်၍ လည်းကောင်း၊ လက်ကျန်လက်မှတ်များကို ရထားမထွက်ခွာမီ နှစ်နာရီ ကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

နေပြည်တော် ဧပြီ ၂၃

နေပြည်တော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားပြည်သူများ ပိုမိုတိုးတက်များပြားလာသည့်အလျောက် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဒေသခံတိုင်းရင်းသားများ နေပြည်တော်နှင့် နေပြည်တော်ကိုဖြတ်ကျော်၍ အထက်မြန်မာပြည် အရပ်ဒေသအသီးသီးသို့ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဒိုက်ဦး–စစ်တောင်းရထားလမ်းသစ်ကို ဖောက်လုပ်ပေးခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက မော်လမြိုင်–နေပြည်တော် အဆန်ရထားခရီးစဉ် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၆နာရီ ၂၅မိနစ်တွင် မော်လမြိုင်ဘူတာ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့တက်ရောက်၍ ခရီးစဉ်စတင်ပြေးဆွဲခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး မော်လမြိုင်–နေပြည်တော် အမြန်ရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းနှင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာ့မီးရထားကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဧပြီ ၂၃

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းတာချက်များအရ အနောက်ဘက်မှ ရွေ့လျားသွားသော လေဖိအားနည်းချိုင့်ဝှမ်းများ၏အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ်အနောက်မြောက်ဘက်မှ လေပြင်းများ တစ်နာရီလျှင် မိုင် ၃၀မှ ၄၀အထိ တိုက်ခတ်နိုင်ပြီး အချို့ဒေသများ၌ တစ်ခါတစ်ရံ မိုးသီးများပါ ကျရောက်နိုင်ကြောင်းမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာဟော်နမ်ဟောင်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်တို့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)